ကြေးမုံ
The Mirror

၁၃၇၀ပြည့်နှစ်၊ ဝါဆိုလဆန်း ၈ ရက်၊ ကြာသပတေးနေ့၊ (10-7-2008) (၅၇၃၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ မက္ကဆီကိုပြည်ထောင်စုနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော်   ဇူလိုင်   ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကိုပြည်ထောင်စုနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဟွမ်(န်)ဟိုဆေးဂိုမေ့ဇ်ကမာချိုသည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်း အနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကိုပြည်ထောင်စုနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ် သော မစ္စတာ ဟွမ်(န်)ဟိုဆေးဂိုမေ့ဇ်ကမာချို နေပြည် တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်း အားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မား ရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာအိုင်ဗန်ဟိုတက်ခ် ၎င်း၏ခန့်အပ်လွှာ ပေးအပ်

နေပြည်တော်   ဇူလိုင်   ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ ပြီးဖြစ်သော မစ္စတာအိုင်ဗန်ဟိုတက်ခ်သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယ ဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ် ကြီး မစ္စတာ အိုင်ဗန်ဟိုတက်ခ်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror

၁၀-၇-၂၀၀၈
(ကြာသပတေးနေ့)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘိုကလေးမြို့နယ် စက်ဆန်းနှင့် ကြိမ်ချောင်းကျေးရွာများသို့ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇူလိုင် ၆ ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့ မြို့မဆွမ်းလောင်းဓမ္မာရုံ၌ ဘိုကလေးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၅၃ ကျောင်းမှ သံဃာတော်အပါး ၁၀၀၀ ကျော်တို့အား အရုဏ်ဆွမ်း လောင်းလှူသည်။ ထို့နောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပရာ ဝန်ကြီးနှင့်ပရိသတ်တို့က ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် အလှူပစ္စည်းများ၊ ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်များကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ လေဘေးသင့်ပြည်သူများအတွက် တည်ဆောက်ပေးလျက်ရှိသော လူနေအိမ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

ထို့နောက် ဝန်ကြီးသည် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ ရောက်ရှိပြီး စက်ဆန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းအတွင်း တပ်မတော်သားများက သန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်နေမှု၊ စာသင်ခုံများရောက်ရှိနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် စက်ဆန်းကျေးရွာ လေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်က တည်ဆောက်ပေးလျက်ရှိသော အမြဲတမ်းနေအိမ်များ၊ အိမ်ရာများအတွင်း ရေအိမ်ဆောက်လုပ်ထားရှိမှု၊ စိုက်ခင်းများထူထောင်ထားရှိမှု၊ လေဘေးဒဏ်ကာကွယ်မည့် သမဲ့၊ မာလာလူးကားပင်များ တစ်အုပ်တစ်မ စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် စက်ဆန်းကျေးရွာ ရွာဦးမိုးကုတ်ဝိပဿနာရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမေဂိရအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ကျေးရွာအတွင်း ဈေးရောင်း၊ ဈေးဝယ် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး အားပေးစကားပြောကြားသည်။ ထို့နောက် ဝန်ကြီးသည် ဘိုကလေးမြို့နယ် ကဒုံကနိသစ်တောကြိုးဝိုင်းအတွင်း ၂၀၀၈-၂၀၀၉ ခုနှစ် ဒီရေတောစိုက်ခင်းဧက ၁၀၀၀ စိုက်ပျိုးထားရှိမှုအခြေအနေများ၊ ကြိုးဝိုင်းသတိပေးဆိုင်းဘုတ် တပ်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကြိမ်ချောင်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာပေါ်သို့ သဲမှုတ်တင်နေမှု၊ အခြေခံပညာမူလတန်းကျောင်း၌ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဝန်ကြီးသည် အမြဲတမ်းနေအိမ်ရာများ ဆောက်လုပ်ထားရှိမှု၊ ကျေးရွာလမ်းများနှင့် အိမ်ခြံဝင်းများအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ အိမ်များအတွင်း စိုက်ခင်းထူထောင်ထားရှိမှု၊ ထူးကုမ္ပဏီမှ တိလောကမာရဇိန်စေတီတော် ဘက်စုံပြုပြင်ရန် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ပြီးစီးသည့် အိမ်ရာများ၌ လေဘေးသင့်ပြည်သူများကို စနစ်တကျနေရာချထားရေး၊ သန့်ရှင်းသာယာရေးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ကုန်သွင်းကုန် အရည်အသွေးကောင်းမွန်ရေးအလေးထား ကုန်သွယ်စီးပွားလုပ်ငန်းများ ဟန်ချက်ညီညီမြှင့်တင်

မျက်မှောက်နိုင်ငံတကာတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံအလိုက် ကြိုးစားအားထုတ်နေကြသည်။ သဘာဝသယံဇာတပစ္စည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာသီးနှံများနှင့် သားငါးများ တိုးမြှင့်ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနေကြသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် ကုန်သွယ်မှုလုပ်ငန်းသည် အဓိကကဏ္ဍမှ ပါဝင်လျက်ရှိရာ နှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာသဘောတူစာချုပ်၊ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်တို့ကို ချုပ်ဆို၍ ကုန်သွယ်မှုမြှင့်တင်ရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

မြဝတီနယ်စပ်ကုန်သွယ်ရေးဒေသသည် ကုန်သွယ်စီးပွားလုပ်ငန်းများမြှင့်တင်ရာတွင် အရေးပါလျက်ရှိသည်။ အိမ်နီးချင်းထိုင်းနိုင်ငံမှတစ်ဆင့် အခြားအာဆီယံနိုင်ငံများသို့ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုစနစ်ဖြင့် ကုန်စည်စီးဆင်းမှုပြုနိုင်သောကြောင့် ကုန်သွယ်မှုအခြေအနေကောင်းများ ရရှိနိုင်သည်။

နယ်စပ်ကုန်သွယ်မှုစနစ်မှ နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်မှုစနစ်သို့ ပြောင်းလဲကျင့်သုံးခြင်းသည် ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်သည့် လုပ်ငန်းရှင်များအတွက် ရေရှည်အကျိုးဖြစ်ထွန်းလာနိုင်မည်ဖြစ်သည်။ ကုန်သွယ်မှုလုပ်ငန်းကို ပင်တိုင်လုပ်ကိုင်နေသူများမှာ စီးပွားရေးလုပ်ငန်းရှင်ကုန်သည်များဖြစ်ရာ မိမိတို့၏ ထွက်ကုန်ပစ္စည်းများ အရည်အသွေးရှိရှိ အဆင့်အတန်းမြင့်မြင့် သတ်မှတ်စည်းကမ်းများနှင့်အညီ တင်ပို့နိုင်ရေး၊ ဈေးကွက်ခိုင်မာမှုရှိရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်တွင်းထွက်ကုန်များကို တိုက်ရိုက်ကုန်သွယ်မှုပြုနိုင်သည့် မူဆယ်မြို့ ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်၊ မြဝတီမြို့နယ်စပ်ကုန်သွယ်ရေးဇုန်တို့ကို ထူထောင်ပေးထားရာ ရေထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများ၊ လယ်ယာထွက်ပစ္စည်းများနှင့် အခြားပစ္စည်းများ တင်ပို့နိုင်လျက်ရှိသည်။

နိုင်ငံခြားကုန်သွယ်မှုတွင် ထွက်ကုန်ပစ္စည်းများကို ပင်လယ်ထွက်ပေါက်မှသာမက နယ်စပ်ကုန်သွယ်ရေးဇုန်များဖြစ်သည့် စီးပွားရေးတံခါးပေါက်များမှလည်း တိုက်ရိုက်ကုန်သွယ်မှုပြုနိုင်လျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင် ကုန်သည်များနှင့် ဝန်ထမ်းများက ပို့ကုန်၊ သွင်းကုန်များ အရည်အသွေးကောင်းမွန်ရေးအလေးထားပြီး ကုန်သွယ်စီးပွားလုပ်ငန်းများ ဟန်ချက်ညီညီ မြှင့်တင်ကြိုးပမ်းကြခြင်းဖြင့် စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုအကျိုးရလဒ်များ ပိုမိုရရှိလာမည် ဖြစ်ပါသည်။ ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ရွှေဘုံသာလမ်းမှ ကွယ်လွန်သူ ဦးကျော်မြအား ရည်စူး၍ မိခင်ကြီး ဒေါ်ကြင်မြိုင်နှင့် သား၊ သမီး၊ မြေးများက ငွေကျပ် ၁၀၀၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဇူလိုင် ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့် အာဆီယံနှင့် တရုတ် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစီအစဉ် ACCORD-Plan အရ ပြည်သူလူထု အသိပညာပေးရေး လုပ်ငန်းအဖွဲ့နှင့် သုံးစွဲမှုလျှော့ချရေး လုပ်ငန်းအဖွဲ့၏ (၇)ကြိမ်မြောက် အစည်းအဝေးများ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနမှ ဒုတိယရဲမှူးကြီးဌေးအောင်၊ ဒုတိယရဲမှူး ခင်မောင်ထွန်းနှင့် ကျန်းမာရေးဦးစီးဌာန ဆေးကုသရေးလုပ်ငန်းအဖွဲ့မှ မူးယစ်တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာအောင်သော်တို့ ဇူလိုင် ၈ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (သတင်းစဉ်)

သဲအင်းဂူ(မော်ဘီ) ဝါတွင်းတရားစခန်း

ရန်ကုန် ဇူလိုင် ၉

မော်ဘီမြို့နယ် မူလသဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ တည်ထောင်တော်မူခဲ့သော မူလသဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်း ကျောင်းတိုက်ကြီး၌ (၄၁)ကြိမ်မြောက် ဝါတွင်းသုံးလ အထူးအဓိဋ္ဌာန်တရားစခန်းကို ဇူလိုင် ၁၇ ရက် (ဝါဆိုလပြည့်နေ့)မှ အောက်တိုဘာ ၁၄ ရက် (သီတင်းကျွတ်လပြည့်နေ့)အထိ နေ့စဉ်ကျင်းပမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်လိုသူများသည် ဇူလိုင် ၁၆ ရက် အရောက်လာရောက်ကြရန်နှင့် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၁၇ ရက် (ဝါဆိုလပြည့်နေ့) မွန်းတည့် ၁၂ နာရီတွင် အရိယာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၆၂၀၀၁၉နှင့် ၀၉ ၅၀၃-၈၅၂၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

တို့ကျေးရွာအတွက် မွေးမြူရေးနည်းလမ်းကောင်းများစာအုပ် ထွက်ပြီ

ရန်ကုန် ဇူလိုင် ၉

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ထုတ်ဝေလျက်ရှိသော ဒို့ကျေးရွာဂျာနယ်တွင် ဖော်ပြခဲ့သည့် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများကို စုစည်း၍ **'တို့ကျေးရွာအတွက် မွေးမြူရေးနည်းလမ်းကောင်းများ'** စာအုပ်ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

လက်ကိုင်စာအုပ်

ဤစာအုပ်တွင် မွေးမြူရေးပညာရှင်များ၏ ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲ၊ သိုး၊ ဆိတ်၊ ငါး မွေးမြူရေး နည်းလမ်းများ၊ မွေးမြူရေးတိရစ္ဆာန်များအတွက် ရောဂါကာကွယ်ရေးနှင့် ကုသရေးနည်းလမ်းများ၊ အသား၊ နို့နှင့် ဥထုတ်လုပ်မှု နည်းလမ်းများကို စုံလင်စွာဖော်ပြထားသည်။ မွေးမြူရေးဆောင်ရွက်နေကြသူများ လက်ကိုင်ပြုသင့်သော စာအုပ်ဖြစ်သည်။

တို့ကျေးရွာအတွက် မွေးမြူရေးနည်းလမ်းကောင်းများ စာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၊ စာပေဗိမာန်အရောင်းဆိုင်နှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ငွေကျပ် ၈၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မုန်တိုင်းသင့်မိသားစုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပြန်လည်တည်ဆောက်ရေး အရေးပေါ်ထောက်ပံ့မှု လက်မှတ်ရေးထိုးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၉

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ ကျွမ်းကျင်မှု နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ မုန်တိုင်းသင့်မိသားစုများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ဆောက်ရေးအတွက် အရေးပေါ်ထောက်ပံ့မှု စီမံကိန်းစာတမ်းလက်မှတ်ရေးထိုးပွဲကို ဇူလိုင် ၇ ရက် ညနေ၄ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဆည်မြောင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ဌာနေကိုယ်စားလှယ် Mr. Shin Imai နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ်က အရေးပေါ် ထောက်ပံ့မှု စီမံကိန်းစာတမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီးနောက် FAO ဌာနေကိုယ်စားလှယ်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးတို့က အရေးပေါ်ထောက်ပံ့မှု စီမံကိန်းစာတမ်းကို လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြပြီး ဝန်ကြီးက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ပကတိအခြေအနေအပေါ် မူတည်၍ အောင်မြင်အောင် ဆောင်ရွက်ရေးအတွက် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လှူဒါန်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ် ဆုတောင်းပြည့် ရန်မျိုးအောင်စေတီတော် အရှေ့ဘက်စောင်းတန်း ကျောက်ပြားခင်းရန်နှင့် နံရံဆောက်လုပ်ခြင်းအတွက် စံပြရပ်ကွက် (၃) လမ်းနေ ဦးရန်ကုန်- ဒေါ်ခင်မာကြည် မိသားစုက အလှူငွေကျပ် ရှစ်သောင်းနှင့် နှစ်ဖက်မိဘများ အမှူးထားပြီး (ဦးကျော်မြင့်စိန်) အား ရည်စူး၍ ဦးတင်ဇော်-ဒေါ်မွန်မ၊ စံပြရပ်ကွက် (၃)လမ်းနေ မိသားစုတို့က အလှူငွေကျပ် ၁၀သိန်းကို စေတီတော်ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း(ဧရာ)နှင့် အတွင်းရေးမှူး ဦးအောင်သန်းစိန်တို့ထံ လှူဒါန်းစဉ်။ (၅၀၆)

စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၉

သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက် ပဓာနနာယက ကျိုက်ဒေးယျံဆရာတော် ဘဒ္ဒန္တဥတ္တရ (မမ္မကထိကဗဟုဇနဟိတ ရေ)၏ ဝိဇာတမင်္ဂလာ နဝမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် စာအောင်သံဃာ ဆုနှင်းသဘင် အလှူမင်္ဂလာပွဲကို (၁၃၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၁၁ရက်)ဇူလိုင်၁၃ရက် (တနင်္ဂနွေနေ့)တွင် ကျောင်းတိုက် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ကကြီးမှူး၍ မွန်းလွဲ ၁၂ နာရီခွဲတွင် မဏ္ဍလာမမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဘုရင့်နောင်ဈေးကြီး ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနအောက်ရှိ မရမ်းကုန်းမြို့နယ် ဘုရင့်နောင် ဈေးကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၁၅ရက်တွင် အဆိုပါ ဈေးကြီး၌ ကျင်းပမည်ဖြစ်သည်။ ယခုနှစ်တွင် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်၌ ဝါဆိုတော်မူကြမည့် သံဃာတော်များအား ဝါဆိုသင်္ကန်း ကပ်လှူမည်ဖြစ်ရာ လှူဒါန်းလိုသူများအနေဖြင့် ဝါဆိုသင်္ကန်း ကပ်လှူရေးကော်မတီ ဥက္ကဋ္ဌ ဦးလှအေး ဖုန်း- ၇၂၆၂၆၉၊ အတွင်းရေးမှူး ဦးခင်မောင်လွင် ဖုန်း- ၇၂၈၄၆၇၊ ဈေးသာယာရေး ဖုန်း- ၆၈၂၀၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

၂၀၀၇-၂၀၀၈ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် သာပေါင်းမြို့နယ်အတွင်းရှိ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား စတုတ္ထအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၇ နာရီခွဲတွင် သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က အမှာစကား ပြောကြားသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းကိုယ်စား မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင် ထူးချွန်ဆုရ ကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးအမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းကိုယ်စား မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၃၁ ဦးကို ထူးချွန်အောင် ပညာသင်ကြားပေးကြသည့် ဆရာ၊ ဆရာမ ၁၃ဦးကိုယ်စား မြို့နယ်ပညာရေးမှူးအားလည်းကောင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးက ဆုရ နဝမတန်း ကျောင်းသား၊ ကျောင်းသူကိုးဦးအား လည်းကောင်း၊ အထွေထွေမန်နေဂျာများနှင့် စက်ရုံမှူးများ၊ မြို့နယ်ပညာရေးမှူး ထောပလော့ဖော၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အတွင်းရေးမှူးဦးဝင်းသိန်းနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ကြသည်။

ပညာရည်ချွန်ဆု ချီးမြှင့်ပွဲတွင် နှစ်ဘာသာဂုဏ်ထူး နှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၉ ဦး၊ သူငယ်တန်းမှ နဝမတန်းအထိ ပထမ၊ ဒုတိယ၊ တတိယရရှိသူ ၁၈၇ ဦး၊ သူငယ်တန်းမှနဝမတန်းအထိအတန်းစဉ်အလိုက် ပထမရရှိသူ ခုနစ်ဦး၊ ပုသိမ်မှန်စက်ရုံရှိ သူငယ်တန်းမှ နဝမတန်းအထိတန်းစဉ်အလိုက်ပထမရရှိသူ ၁၂ ဦးတို့ကို ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြောင်းနှင့် စုစုပေါင်းငွေကျပ် ၁၁၄၄၀၀၀ ကို ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၉

ပဉ္စမအကြိမ်မြောက် မင်းဘူးမြို့နယ် မန်းရွှေစက်တော် ခြေတော်ရာ၌ ဝါဆို ဝါကပ်တော်မူကြသော ဝါဆိုရဟန်း၊ သံဃာအပါး ၈၃ ပါးနှင့် ပုဂံ ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ဝါဆိုရဟန်းအပါး ၁၀၈ ပါး၊ ပုပ္ပားတောင်ကလပ်ရှိ ပုပ္ပားဆရာတော်နှင့် ရဟန်း ၁၀ ပါးတို့အား စိန်ဝင်းနှင့်ရောင်းရင်းများ ဘုရားဖူးအဖွဲ့မှ ဘုရားဖူးယာဉ်များဖြင့် လှည့်လည်၍ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်၊ ဆီ၊ ဆားနှင့် အခြားကျောင်းသုံး ပစ္စည်းများအား ဇူလိုင် ၁၅ ရက် (ဝါဆိုလဆန်း၁၃ရက်)တွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် ကုသိုလ်ပါဝင်၍ လိုက်ပါလှူဒါန်းလိုသူများအနေဖြင့် ဖုန်း-၂၄၉၈၇၁၊ ၀၉-၅၁၃၇၂၄၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

စစ်ကိုင်းရွှေဟင်္သာစံကျောင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်အမှတ်(၁၉/ခ)သုခဝတီလမ်းရှိရွှေကျင်နိကာယ ဒွါဒသမမြောက် သာသနာပိုင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ ဆရာတော်ကြီး၏စံကျောင်းဖြစ်သည့် စစ်ကိုင်းရွှေဟင်္သာစံကျောင်း၌ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော်များအား (၁၆)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၁၇ရက်(ကြာသပတေးနေ့) (ဝါဆိုလပြည့်နေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ကြွရောက်ကြည်ညိုပူဇော်ကြပါရန်စံကျောင်းဥပါသကာအဖွဲ့ဖုန်း-၅၆၁၀၅၀က ဖိတ်ကြားထားကြောင်းသိရှိရသည်။ (က-ပ)

ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၉

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇကျေးဇူးရှင်တန့်ကြည့်တောင်ဆရာတော်အား ဦးထိပ်ထား၍ ထေရဝါဒဗုဒ္ဓသာသနာပြုဌာန တန့်ကြည့်တောင် ဝိပဿနာ ရိပ်သာ(ရန်ကုန်)၌ စာချ၊ စာသင် ဝါဆိုသံဃာတော်အရှင်သူမြတ်တို့အား (၁၆)ကြိမ်မြောက်စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်၁၇ရက် (ဝါဆိုလပြည့်နေ့) မွန်းလွဲ ၂နာရီတွင် ရေကြာအိုင်သိမ်ကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်သည်။ ကြွရောက်ကြည်ညိုပူဇော်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ကပ္ပိယကာရကအဖွဲ့ရုံး ဖုန်း-၆၃၈၀၈၈နှင့် ကပ္ပိယကာရကအဖွဲ့ဝင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

မြန်မာနိုင်ငံရပ်ရှင်အစည်းအရုံး၏ အမျိုးသမီးဘောလုံးအသင်းအတွက် ဘောလုံးအားကစား အထောက်အကူပြုပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၉

မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ အမျိုးသမီးဘောလုံးအသင်းအတွက် ဘောလုံးအားကစား အထောက်အကူပြုပစ္စည်းများလှူဒါန်းသည့် အခမ်းအနားကို ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား ဦးကျော်နိုင် (လူမှုထူးချွန်တတိယဆင့်) (MD, Kyaw Naing Associates)က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ အမျိုးသမီးဘောလုံးအသင်းအတွက် ဘောလုံးအထောက်အကူပြုပစ္စည်းများလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဦးကျော်ဝင်း(ဥက္ကဋ္ဌ-ရွှေသံလွင်ကုမ္ပဏီလီမိတက်) က ဘောလုံးကန် ဖိနပ် ၁၂ ရန်နှင့် အားကစားဝတ်စုံ ၁၈ စုံတို့ကိုလည်းကောင်း၊ ဦးမောင်မောင်(ဥက္ကဋ္ဌ ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)က ဘောလုံးကန်ဖိနပ်၁၈ ရန်နှင့် အားကစားဝတ်စုံ ၁၈ စုံတို့ကိုလည်းကောင်း၊ ဦးကျော်နိုင်(လူမှုထူးချွန်တတိယဆင့်) (MD, Kyaw Naing Associates)နှင့် ဦးဇော်ဝင်း(Just Fashion)တို့က အားကစားဝတ်စုံ၂၄ စုံနှင့် ခြေအိတ် ၂၄စုံ တို့ကိုလည်းကောင်း၊ ဆရာကြီး ဒေါက်တာ ဦးစံတင်အောင်(ရွှေဘို)က ဘောလုံးကန်ဖိနပ် ၁၂ ရန်တို့ကိုလည်းကောင်း၊ ဦးမြင့်သိန်း(MD, Thein Htaik Co., Ltd) က ဘောလုံး ၁၀ လုံး၊ Shinguard ၂၄ စုံနှင့်ခြေအိတ်၂၄စုံတို့ကိုလည်းကောင်း စုစုပေါင်းတန်ဖိုးငွေကျပ် ၈၃၀၀၀၀ရှိ ပစ္စည်းများကို လှူဒါန်းကြရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌက လက်ခံပြီး **(အောက်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအမှုဆောင် အကယ်ဒမီ ဒေါ်နွဲ့နွဲ့စန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်းနေ ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော ဦးရွှေလျှောင်း-ဒေါ်ငွေဘော်၊ ညီမဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ညွန့်ဝေတို့အားရည်စူး၍ ဒေါ်ကျင်မြက ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက တည်ဆောက်လှူဒါန်းသည့် စတီးထည်သက်သက်ဖြင့်ဆောက်လုပ်ထားသည့်အခြေခံပညာအလယ်တန်းကျောင်းဆောင်

သတင်းဆောင်းပါး၊ ဓာတ်ပုံ
သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)

STEEL STRUCTUREဖြင့် တည်ဆောက်ထားသော ကျောင်းဆောင်သစ်ကြီးကို တွေ့ရစဉ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟို အလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း အနီးကပ်ကြီးကြပ်၍ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက် ဇာဂလမ်းရှိ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်းတွင် အလျားပေ ၁၆၀၊ အနံပေ ၃၀ ရှိ နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

ကျောင်းဆောင်သစ်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ) အင်ဂျင်နီယာများ၏ အတတ်ပညာဖြင့် ပူးပေါင်းကူညီပံ့ပိုးခဲ့ခြင်းဖြစ်သည်။

ကျောင်းဆောင်သစ်၏ ထူးခြားချက်မှာ ကျောင်းတစ်ကျောင်းလုံးတွင် သစ်သားထည်လုံးဝမသုံးဘဲ အားလုံးစတီးဆက်စပ်ပစ္စည်းများကိုသာ အသုံးပြုထားခြင်းပင်ဖြစ်သည်။တိုင်များ၊ကြမ်းခင်း၏အဓိကရက်မများကိုစတီး (H) ဘင်းများ၊ ထုပ်၊ လျောက်၊ ဒိုင်းနှင့် မြားများကိုလည်း စတီးထည်များကိုသာ အသုံးပြုထားသည်။

ကျောင်းဆောင်သစ်မှာ နှစ်ထပ်ကျောင်းဆောင်ဖြစ်သည်။ မြေညီထပ်ကို မြေပြင်မှ သုံးပေအကွာ မြင့်ပြီး သံကူကွန်ကရစ် လောင်းထားသည်။ ကျောင်းဆောင်ပထမထပ်ကို ကွန်ကရစ်အခင်းသက်သက် ဖြန့်ခင်းမထား၊ ကွန်ကရစ်လောင်းရန် အောက်ခံစတီးပြား (DECKING PLATE) များ ခင်းပြီးမှ ကွန်ကရစ်အခင်းလောင်းထားသည်ကိုတွေ့ရသည်။

ကွန်ကရစ် အခင်းမလောင်းမီလိုအပ်သည့် ခံနိုင်ရည်ရှိနေစေရန် စတီးချောင်းများ ကွန်ရက်သဏ္ဌာန် အားဖြည့်ထည့်သွင်းပြီးမှ ကွန်ကရစ်လောင်းခြင်းဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်သစ်ကို STEEL STRUCTURE များဖြင့် စတင်တည်ဆောက်စဉ်။

အတက်အဆင်း လှေကားကို STEEL ဖြင့် တည်ဆောက်ထားသည်ကို တွေ့ရစဉ်။

ကျောင်းဆောင်သစ်၏ အဓိကတိုင်များ၊ ရက်မများကို သံကူကွန်ကရစ်တိုင်များ၊ ကြိုတင်အားဖြည့်ရက်မများအသုံးမပြုဘဲ (H) ဘင်းစတီးတိုင်များ၊ (H) ဘင်းစတီးရက်မများကို အသုံးပြုထားခြင်းနှင့် ပတ်သက်၍ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူး ဦးဇော်ဝင်းအား မေးကြည့်မိသည်။

ဌာနမှူးက စတီး(H)ဘင်းများအသုံးပြုခြင်းကြောင့် တည်ဆောက်မှုအပိုင်းတွင် အချိန်ကုန်သက်သာလျင်မြန်ခြင်း၊ ခံနိုင်ရည်အားအပိုင်းတွင် သံကူကွန်ကရစ်ထက် အဆပေါင်းများစွာ သာလွန်ခြင်းများကို ရှင်းလင်းပြောပြသည်။ ထို့အပြင် အဆောက်အအုံ၏ သက်တမ်းမှာလည်း အခြားအဆောက်အအုံ အမျိုးအစားများထက်များစွာ သာလွန်ကြောင်းကိုပါ ဆက်လက်ပြောပြသည်။

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် နိုင်ငံတော်၏ ပညာရေးကဏ္ဍတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် စတီးနှင့် စတီးဆက်စပ်ပစ္စည်းများ အသုံးပြုကာ ရန်ကုန်တိုင်းအတွင်း နှစ်ထပ်ကျောင်းဆောင် နှစ်ဆောင်၊ တစ်ထပ်ကျောင်းဆောင် ခုနစ်ဆောင် ထပ်မံဆောက်လုပ်လှူဒါန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

လက်ခံရယူ

ဒေါ်စန်းစန်းရီ(ခ) Rosie Than အား ရည်စူး၍ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၂၇)ရပ်ကွက်၊ ရွှေပင်လုံ(၂)နေ သမီး-မခင်စန္ဒီဘို၊ သား-ဘိုဘိုငယ်၊ ဘိုဘိုထွေး၊ ဘိုဘိုထွဋ်၊ မြေး-သပြေထက်၊ သီရိသဇင်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ်တစ်သိန်းနှင့် ကျပ်ကိုးသိန်း တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ စုစုပေါင်း ကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

ဇောတိကာရုံပါဠိတက္ကသိုလ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၉

ပြည်မြို့ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ(အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဌ ဦးဆောင်သော စာချ၊စာသင် သံဃာတော် ၅၀၀ ကျော်တို့အား ဇူလိုင် ၁၈ရက်(သောကြာနေ့)ညနေ ၄နာရီတွင် ဇောတိကာရုံပါဠိတက္ကသိုလ်ပရိယတ္တိသာသနာနုဂ္ဂဟအဖွဲ့ကြီးကကြီးမှူး၍ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပမည်ဖြစ်သည်။ စီဝိုင်စီသင်္ကန်းတစ်စုံလျှင် ငွေကျပ်၅၀၀၀၊ကေသီတစ်ထည်လျှင် ငွေကျပ်၃၀၀၀၊သင်းပိုင်တစ်ထည်လျှင် ငွေကျပ်၂၀၀၀နှုန်းဖြင့် ကျောင်းတိုက်တွင်းရှိ နာယကဆရာတော်များထံ၌လည်းကောင်း၊ ပရိယတ္တိသာသနာနုဂ္ဂဟအဖွဲ့ လူကြီးများထံ၌လည်းကောင်း၊ ဖုန်း-၀၅၃-၂၁၄၈၅၊ ၀၅၃-၂၅၈၁၅၊ ၀၅၃-၂၂၈၁၆၊ ၀၉၅၃၁၀၂၁၆၊ ၀၉၅၃၁၂၆၄၀တို့သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

လန်ဒန်မြို့မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ (ရွှေသိင်္ဂီရတနာဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဦးတင်ရွှေ-ဒေါ်ခင်အေးကျော် မိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဥက္ကဌ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင်အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၉

မရမ်းကုန်းမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင်အစည်းအဝေးကို ဇူလိုင် ၆ ရက်မွန်းလွဲ ၁နာရီက မြို့နယ် ရည်ညွှန်းစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဌဦးကျော်စိုး(မောင်ကျေးဖူး)က စတုတ္ထအကြိမ် စာပေညီလာခံ ဗဟိုဦးစီး အစည်းအဝေးသို့ တင်သွင်းသော ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို ထပ်ဆင့်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဥက္ကဌ ဦးခင်ဇော် (ခင်ဇော်-မရမ်းကုန်း) က ဘုရင့်နောင်မဂ္ဂဇင်းထုတ်ဝေရေး၊ပြက္ခဒိန်ထုတ်ဝေရေး၊စာပေဟောပြောပွဲများကျင်းပရေးတို့နှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီး ဘဏ္ဍာရေးမှူး ဦးအေးကို (ယမုံနာ)က ငွေစာရင်းရှင်းတမ်းကို တင်ပြအတည်ပြုချက်ရယူသည်။

ထို့နောက် လစ်လပ်လျက်ရှိသော စာပေညီလာခံ ကိုယ်စားလှယ်အဖြစ် ဦးခင်ဇော် (ခင်ဇော်-မရမ်းကုန်း)အား သဘောတူ ရွေးချယ်တင်မြောက်ကြကြောင်း သိရသည်။ (မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ရမည်းသင်းခရိုင်ရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်၍ အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ညနေ၃နာရီခွဲတွင် မန္တလေးတိုင်း ရမည်းသင်းမြို့နယ် မြို့မရပ်ကွက်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်များ၊ စေတနာရှင်၊ အလှူရှင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ မန္တလေးတိုင်း ရမည်းသင်းမြို့နယ် မြို့မရပ်ကွက်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖြစ်မြောက်ရေးအတွက် အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အဆိုပါ တွေ့ဆုံ ဆွေးနွေးပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် စေတနာရှင်၊ အလှူရှင်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်(၅)ရပ် ချမှတ်၍ ဒေသဆိုင်ရာအာဏာပိုင်များ၏အား၊ဒေသခံပြည်သူများ၏အား၊ စေတနာရှင် ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ အားနှင့်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏အား ဆိုသည့် အား(၄)အားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ရမည်းသင်းခရိုင်အတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်အလှူရှင်များ၏လှူဒါန်းမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အလှူငွေပေးအပ်

ဆက်လက်၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်မြောက်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ရမည်းသင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က ကျေးရွာအုပ်စု၃၆အုပ်စုတို့မှ လှူဒါန်းသောငွေကျပ်၇၃သိန်းကိုလည်းကောင်း၊ ပျော်ဘွယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဌေးနှင့် ပျော်ဘွယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းဝင်းတို့က ပျော်ဘွယ်မြို့နယ် စားအုန်းဆီလုပ်ငန်းရှင်များက လှူဒါန်းသောငွေကျပ်သိန်း၆၀ကို လည်းကောင်း၊ မန္တလေးမြို့နေ ဦးသန်းထွန်း(မြန်မာကျောက်စိမ်းကုမ္ပဏီ) က ငွေကျပ် ၄၈သိန်းကိုလည်းကောင်း၊ရမည်းသင်းခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ငွေကျပ်၁၅သိန်းနှင့် ရမည်းသင်းမြို့နေ ဒေါ်ပုလဲ(ပုလဲ စားသောက်ဆိုင်)က ငွေကျပ်တစ်သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရမည်းသင်းမြို့နယ် ဝါတိုးရပ်ကွက်နေ ဦးကြည်လွင်(ရွှေမြန်မာတည်းခိုခန်း)နှင့် ရမည်းသင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ဦးကြည်လွင်(ပွဲရုံလုပ်ငန်း)တို့က ငွေကျပ်ခုနစ်သောင်းစီ၊ ရမည်းသင်းမြို့နယ် ဝါတိုးရပ်ကွက်နေ ဦးမောင်မောင်လတ် (အောင်သပြေရုပ်ရှင်ရုံ)၊ ရမည်းသင်းမြို့နေ ဦးခင်မောင်လတ် (ပန်းမြို့တော် တည်းခိုခန်း)၊ ရမည်းသင်းမြို့နေ ဦးမြင့်ထွန်းနိုင်(မဟာနွယ် တည်းခိုခန်း)၊ မြို့မရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်မင်းစိုးနှင့် ရမည်းသင်းမြို့နယ် ဆေးရုံကွက်သစ်နေ ဦးဖြိုးဝေထွန်း (စိုက်ပျိုးရေးပစ္စည်းဆိုင်) တို့က ငွေကျပ်ငါးသောင်းစီ၊ ရမည်းသင်းမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့က ငွေကျပ်သုံးသောင်းနှင့် ရမည်းသင်းမြို့နယ်ဝါတိုးရပ်ကွက်နေ ဦးမြင့်သိန်း-ဒေါ်ဝင်းကြည် (ရွှေလမင်းတည်းခိုခန်း) တို့က ငွေကျပ်တစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက်ရမည်းသင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်က ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင်ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖြစ်မြောက်ရေးအတွက်အလှူရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၂၀၁၃၀၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၇-၂၀၀၈ (ကြာသပတေးနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	''ဒီတရားနာပြီးမှ သေကြပါ''တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၈း၀၅ - ၂း၀၅	နိဗ္ဗာန်ဆီသို့... အမေးအဖြေများ
၈း၂၀ - ၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅ - ၂း၂၅	ပြည်တွင်းအနုပညာရေးရာ
၈း၅၀ - ၂း၅၀	ဖူးရောက်စေချင် ရွှေရင်အေးစေတီတော်တစ်ခွင်
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅ - ၃း၂၅	စားဖွယ်စုံလင် ဒေသအစားအစာအစီအစဉ်
၉း၄၀ - ၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅ - ၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀ - ၃း၅၀	မြန်မာနိုင်ငံဗိသုကာများအသင်းမှ တီထွင်သော စိတ်ချလုံခြုံနေအိမ်ပုံစံ ဒီဇိုင်းသစ်များ
၁၀း၀၅ - ၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀ - ၄း၁၀	၄က်မျိုးစုံစွာ ပျော်စရာကမ္ဘာ(အပိုင်း-၄)
၁၀း၂၀ - ၄း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၀ - ၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅ - ၄း၃၅	ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ (မေသန်းနု၊ပန်းဖြူ၊ကျော်ဇေယျ၊ဦးခိုင်တင်) [ဒါရိုက်တာ-မောင်မောင်ဦး(စနိုးပွိုက်)]
၁၀း၄၅ - ၄း၄၅	မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအခမ်းအနား
၁၁း၀၅ - ၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ - ၅း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	ရွှေရတုအကြို ဥက္ကလာတေးသံချို(အပိုင်း-၂)
၁၁း၄၅ - ၅း၄၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ သစ်စုထွေးနှင့်တွေ့ဆုံခြင်း)
၁၂း၁၀ - ၆း၁၀	အမျိုးသားဆေးပညာ အမွေပေးရာ--တိုင်းရင်းဆေး တက္ကသိုလ်(အပိုင်း-၁)
၁၂း၃၅ - ၆း၃၅	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁၂း၅၅ - ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မင်္ဂလာတောင်တော်ဦးကျောင်းဆရာတော် ဘဒ္ဒန္တသုဇန၏ ကံထပ်မင်္ဂလာနှင့် မွေးနေ့မင်္ဂလာကျင်းပမည်

ရန်ကုန် ဇူလိုင် ၉

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာတောင်တော်ဦးကျောင်းတိုက် သုံးထပ်ကျောင်းတော်ကြီးဆရာတော်ဘဒ္ဒန္တသုဇန၏ (၄၁)ကြိမ်မြောက်ဗုဒ္ဓါဘိသေကမင်္ဂလာ၊ သိက္ခာတော်ကံထပ်မင်္ဂလာနှင့် မွေးနေ့မင်္ဂလာပွဲကို အဆိုပါကျောင်းတိုက်၌ ဇူလိုင် ၂၇ရက် (တနင်္ဂနွေနေ့)နံနက်၈နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်အပေါင်းကြွရောက်ပါရန်ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးကုတ်သံဝေဇနိယ(နေ့) တရားစခန်း

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ် သွေးဆေးကန်အနီး မူလကမ္ဘာအေးလေးကျောင်းတိုက် (မိုးကုတ်သံဝေဇနိယဓမ္မပူဇာအဖွဲ့)တွင် ဇူလိုင်၁၂ရက်(စနေနေ့)မှ ၁၆ရက်(ဗုဒ္ဓဟူးနေ့)အထိ (၁၉)ကြိမ်မြောက် မိုးကုတ်သံဝေဇနိယဓမ္မပူဇာ (နေ့) တရားစခန်းကို နေ့စဉ်နံနက်၈နာရီမှ ညနေ၅နာရီအထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းတွင် မိုးကုတ်ဆရာတော်ကြီး၏ တရားတော်နှင့်လုပ်ငန်းစဉ်များကို တိုက်ရိုက်နာယူကျင့်ကြံအားထုတ်ကြမည်ဖြစ်ရာ ကျောင်းထိုင် ဆရာတော် ဦးဝိမလနှင့် ဆရာမဒေါ်အေးခိုင်(ဆုထူးပန်အဘိဓမ္မာ)တို့က တရားတော်အနှစ်ချုပ်စာစောင်များဖြန့်ဝေ၍ ကြိုတင်ပေါင်းကူးရှင်းလင်း ဆွေးနွေးပေးမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများသည် ဆရာတော်ဦးဝိမလနှင့် အရှင်သုစိတ္တ ဖုန်း-၃၈၂၂၈၆၊ဒေါ်အေးအေး ဖုန်း-၀၉-၈၆-၀၁၇၇၄နှင့် ဒေါ်အေးမာ ဖုန်း-၅၅၄၅၆၆တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

နေနတ်သားစာသင်တိုက် (၄၆)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၉

၂၀၀၈ခုနှစ်ဝါဆိုဝါကပ်တော်မူကြမည့် နာယကစာချစာသင်သံဃာတော် ၈၀ကျော်တို့အား (၄၆)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း လှူဒါန်းပွဲကို ၁၃၇၀ပြည့်နှစ် ဝါဆိုလဆန်း၁၀ရက်၊ (ဇူလိုင်၁၂ရက်)စနေနေ့ မွန်းလွဲ၁နာရီတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဖန်ရှန်မုန်တိုင်းကျရောက်ခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဇူလိုင် ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်း အမှတ်(၅၀)ရှိ ဖိလစ်ပိုင်သမ္မတနိုင်ငံသံရုံးသို့သွားရောက်၍ ဖိလစ်ပိုင်သမ္မတနိုင်ငံ အလယ်ပိုင်း၌ ဇွန်၂၁ရက်တွင် ဖန်ရှန်မုန်တိုင်းကျရောက်ခဲ့ခြင်းအတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်းအထိမ်းအမှတ်စာအုပ်၌လက်မှတ်ရေးထိုးသည်။(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ ဗဟန်းမြို့နယ်ရှိ ဖိလစ်ပိုင်သမ္မတနိုင်ငံသံရုံးတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ အလယ်ပိုင်း၌ ဇွန် ၂၁ ရက်တွင် ဖန်ရှန်မုန်တိုင်း ကျရောက်ခဲ့ခြင်း အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်းအထိမ်းအမှတ် စာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ထွန်စက်အသင့် မျိုးအသင့် အိမ်နဲ့ပနံသင့်

စာကြီးသား(ပနီပင်)

ရင်တွင်းမှပေါက်ဖွားလာသော ဆန္ဒဇောကြောင့်သာ သည်စာကိုရေးလိုက်ရသည်။ တကယ်တော့ ကျွန်တော်သည် စာရေးသူတစ်ဦးမဟုတ်။ စာပေနယ်ပယ်မှလည်း မဟုတ်ပါ။ အများသူငါကဲ့သို့ မြန်မာပြည်မှာဖွားသည့် မြန်မာပြည်သားတစ်ဦးသာဖြစ်ပါသည်။ ကျွန်တော့်စာသည် စာရှုသူမြင်တွေ့နေကျ၊ ဖတ်ရှုနေကျ အရေးအသားများ၏ စံကိုမမီပါက ခွင့်လွှတ်စေချင်ပါသည်။ သို့သော် ယခုရေးထားသောစာသည် ဟန်လုပ်ခြင်းကင်းပါသည်။ အမှန်သရုပ်ကို အထင်းသားမြင်စေရန်သာ ရည်ရွယ်ပါသည်။

မှတ်မှတ်ရရ။ ဇူလိုင်လ ၆ရက်နေ့ညကဖြစ်သည်။ မြန်မာ့ရုပ်မြင်သံကြားက လွှင့်သည့်သတင်းကို ကြည့်လိုက်မိပါသည်။ ရုပ်သံကြည့် ပရိသတ်တစ်ဦးဖြစ်သည့် ကျွန်တော်သည် တစ်စုံတစ်ရာသော ကျွန်တော့်အမြင်ကို စာရှုသူအပါအဝင် အများပြည်သူသို့ တင်ပြလိုစိတ်ပြင်းပြလာသဖြင့် ဤစာကို ရေးသားရခြင်း ဖြစ်ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လေဘေးဒဏ်ခံရသည့် ဒေသများသို့ သွားရောက်စစ်ဆေးသည့် သတင်းဖြစ်သည်။ လပွတ္တာနှင့် ငပုတောမြို့နယ်များအတွင်း ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်စစ်ဆေးကြပ်မတ်ခဲ့သော သတင်းဖြစ်သည်။

ခါတိုင်းလည်း သွားနေကျသတင်းမျိုးသာဖြစ်သည်။ ကျွန်တော်တို့ကြည့်နေ၊ ကြားနေကျ သတင်းမျိုးသာဖြစ်သည်။ နိုင်ငံခြားသတင်းဌာနများက သတ်မှတ်သည့် Breaking News (ထူးခြားဖြစ်စဉ်သတင်းဟုဘာသာပြန်သော်...ရကောင်းသည်ထင်ပါသည်)လည်း မဟုတ်ပါ။ သို့သော် ကျွန်တော်တစ်ဦးတည်း၏ အမြင်ကိုတင်ပြရလျှင် Heart hit News (နှလုံးသားတွင်းသို့ စီးဝင်သွားသောသတင်း)ဟု ဆိုချင်သည်။

ထုံးစံအတိုင်း မောင်နောင်း မောင်းနောင် အသံကြားသည်။ သတင်းတီးလုံးသံကြားလိုက်သည့်အချိန်တွင် ထမင်းလဲစားပြီးပြီဖြစ်သဖြင့် ရေနွေးခွက်နှင့် ထန်းလျက်ခဲဘူးကိုကိုင်ကာ တီဗွီရှေ့မှာထိုင်လိုက်ပါသည်။ သတင်းကြေညာသည့် ကလေးနှစ်ဦး၏ပုံတွေပေါ်လာသည်။ သတင်းခေါင်းစဉ်ကြေညာသည်။ ထို့နောက် သတင်းကို ဆက်ကြေညာတော့သည်။ သတင်းခေါင်းစဉ်သည် လေဘေးသင့်ဒေသများသို့ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင်သွားကြည့်သည့် သတင်းဖြစ်သဖြင့် သေသေချာချာ ဂရုစိုက်ကြည့်မိ၊ နားထောင်မိသည်။ ယင်းသို့ ကြည့်ရှုနားဆင်နေသည့်အခိုက်မှာပင် စိတ်ထဲမှာ ဖျတ်ခနဲပေါ်လာတာ တစ်ချက်ရှိသည်။ **ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးဒဏ်များ ကျရောက်ပါက ယင်းဒေသများသို့ သက်ဆိုင်ရာနိုင်ငံများမှ နိုင်ငံအကြီးအကဲတွေ ခဏတစ်ဖြုတ်သွားရောက်ကြသည်ကိုပင် ကမ္ဘာကျော်နိုင်ငံတကာ ရုပ်သံဌာနများက အရေးတယူလုပ်ကာ ပြသကြပါသည်။ အသံလွှင့်ကြပါသည်။ ချီးမွမ်းမြှောက်ပင့်၊ ထုတိသြဘာ ပေးကြပါသည်။ ကျွန်တော်တို့နိုင်ငံက အကြီးအကဲများသည်လည်း မိမိတို့ပြည်သူများကို ချစ်ခင်မြတ်နိုး စောင့်ရှောက်ကာကွယ်လိုသည့် မေတ္တာ စေတနာအရာတွင် ထိုထိုသော နိုင်ငံများမှ အကြီးအကဲများထက် မပိုလျှင်ပင် မလျော့မည်မှာ သေချာသည်။ သို့သော် ကျွန်တော်တို့ဆီမှ ထိုသတင်းမျိုးကို ကမ္ဘာကျော်များက လွှင့်ရိုးထုံးစံမရှိခဲ့ပေ။ အံ့ဖွယ်တစ်ပါးပါတကားဟုပင် ဆိုချင်သည်။**

နိုင်ငံတော်ဝန်ကြီးချုပ်သတင်းမှ ဗီဒီယိုအရုပ်တွေကို မြင်လိုက်ရချိန်တွင် ကျွန်တော့်စိတ်ထဲမှာ ဝမ်းလဲအလွန်သာပါသည်။ စိတ်လဲချမ်းသာသည်။ ပီတိဖြစ်သည်။ သာခုလဲခေါ်မိပါသည်။ ဖရဏာပီတိ ဂွမ်းဆီထိဆိုတာ ဒါမျိုးပဲဖြစ်မှာပါဟုပင် တွေးမိသည်။ မုဒိတာဆိုတာ ပွားတတ်မှရသည်။ စိတ်ထားတတ်မှ မြတ်သည်။ အယုတ်အလတ် အမြတ်မရွေး တစ်သမတ်တည်း စာနာတတ်မှ မျှတတာပါကလားလို့လဲ တွေးလိုက်မိသည်။

သတင်းအရုပ်တွေကို ရဟတ်ယာဉ်ပေါ်မှ ရိုက်ထားသဖြင့်မြင်ကွင်းကျယ်မြင်ရသည်။ ကြီးမားကျယ်ပြန့်သော လယ်ကွက်တွေတွေ့ရသည်။ မျက်စိတဆုံးဖြစ်သည်။ ထိုသို့သော မြင်ကွင်းမျိုးကို ကျွန်တော် အရင်ကတည်းက တွေ့ဖူးသည်။ လုပ်ငန်းတာဝန်အရ လေယာဉ်စီးဖြစ်တိုင်း သည်လိုမြင်ကွင်းမျိုးကို လေယာဉ်ပေါ်မှကြည့်နေကျ၊ မြင်နေကျဖြစ်သည်။ မည်သည့်အချိန်ကြည့်ကြည့် လှနေသော မြင်ကွင်းဖြစ်သည်။ တစ်ခါတစ်ရံတွင် စိမ်းစိုနေသော လယ်ကွင်းများကို တွေ့ရသည်။ စပါးခင်းများ ရင့်မှည့်ချိန်တွင် တစ်ခွင်တစ်ပြင်လုံး ရွှေရောင်သမ်းနေသည်။ သီးနှံများ ရောနှောစိုက်ပျိုးထားချိန်တွင် ရောင်စုံပန်းချီကားတစ်ချပ်ကို ကြည့်နေရသလို စိတ်ချမ်းသာသည်။ မည်သည့်အချိန်ကြည့်ကြည့် တစ်နည်းတစ်ဖုံစီလှနေသော ကျွန်တော်တို့ မြန်မာ့မြေဖြစ်သည်။ ယင်းမြင်ကွင်းမျိုးကို ယခုသတင်းတွင် ထပ်မံတွေ့ရပြန်သည်။

လယ်ကန်သင်းတွေကလည်း အခိုင်အခံ့ဖြစ်သည်။လယ်ထွန်နေတာတွေလဲတွေ့ရပါသည်။ ပျိုးထောင်ထားတာလဲတွေ့ရပါသည်။ ကောက်စိုက်ပြီးသား လယ်ကွက်တွေကိုလဲ အထင်းသားတွေ့ရပါသည်။ လယ်ထွန်ထားတာလဲကြည့်ရတာ တမန်းကိုညက်လို့။ မြေဆီကလဲ ကောင်းတော့ ညိုမောင်းမောင်းနဲ့။ ကြည့်ရတာ တကယ့်ကို ကြည်နူးစရာမြင်ကွင်းပဲဖြစ်ချေသည်။ လယ်သမားဆိုသည်မျိုးက မိုးနှံ့ကလေးရလို့ အချိန်တန်ရင် လယ်စိုက်ရမှနေတတ်တာမျိုး ဖြစ်သည်။ ကုသိုလ်လဲရ ဝမ်းလဲဝသဖြင့် လယ်သမားသည် လယ်ကိုသာစိုက်ချင်ကြသည်။ ယခုမြင်ကွင်းကို ထင်းနေအောင်ကြည့်ကြစေလိုသည်။ **ပြည်ပ မီဒီယာတွေဘက်ကပြောတော့ လယ်စိုက်ဖို့မပြောနဲ့. ရေငန်ထုတ်ဖို့တောင် မလွယ်ဘူး။ နွားတွေကျွဲတွေကလဲ ဘာမှကျန်တော့တာမဟုတ်ဟု အမနာပ ဆိုကြသည်။ မျိုးစပါးပင်မရှိတော့ဟုပင် ဆိုကြသည်။ ရေနစ်သူကို ဝါးကူလို့ ထိုးရက်ကြသည်။ ကျွန်တော်တို့ကတော့ ဘာမှ မပြောလိုပါ။ ပြုသူအသစ် ဖြစ်သူအဟောင်းဆိုတာကို ကျွန်တော်တို့ နားလည်ပါသည်။**

ပြည်ပမီဒီယာများက မှန်းတုတ်၊ ရမ်းတုတ်နှင့် ချိုးချိုးဖွဲ့ဖွဲ့ ပြောကြတာတွေသည် အခုလို သက်သေသာဓကနှင့် မျက်မြင်တွေ့လိုက်ရချိန်မတော့ ငြိမ်သွားလောက်ပြီထင်ပါသည်။ အချိန်တိုအတွင်းမှာ လေဘေးသင့်ဒေသခံများအနေဖြင့် ယင်းတို့၏ ပုံမှန် အသက်မွေးဝမ်းကျောင်း အလုပ်များကို ပြန်လည်လုပ်ကိုင်နိုင်အောင် ဖြည့်ဆည်း ပံ့ပိုး စောင့်ရှောက်ပေးနိုင်ခဲ့သည့် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ အစွမ်းနှင့် ကြိုးပမ်းအားထုတ်မှုကို မှန်းကြည့်၍ ရပါသည်။ ပုံမှန်စေတနာ၊ သာမန်အရည်အချင်းဖြင့် မရနိုင်သည်ကို အားလုံးက သိကြပါသည်။ မြွေမှန်လျှင် တွင်းဝင်ဖြောင့်သည် မဟုတ်ပါလား။

သည့်ထက်ပိုပြီး ကြည်နူးရသည့် မြင်ကွင်းသည် တီဗွီဆရာများက ရဟတ်ယာဉ်ပေါ်မှ မြေပြင်ပေါ်သို့ အရောက်တွင် ပကတိအခြေအနေကို မှတ်တမ်းတင်ရိုက်ပြထားသည့် မြင်ကွင်းများဖြစ်သည်။ လယ်သမားများ လယ်ကွင်းထဲမှာ လယ်ထွန်နေကြသည်။ တချို့က လက်တွန်းထွန်စက်များဖြင့် ထွန်နေကြသည်။ တချို့က လယ်ထွန်စက်ကို စမတ်ကျစွာစီးလို့ ထွန်နေကြပြန်သည်။ သည်မြင်ကွင်းကို ကြည့်၍ စိတ်ထဲတွင် ပေါ်လာပြန်သည်က အာရှနိုင်ငံတစ်နိုင်ငံတွင် စက်သုံးဆီများ ဈေးတက်သဖြင့် လယ်ထွန်စက်ကို မသုံးနိုင်လို့ ကျွဲ၊ နွားများဖြင့် ထွန်ယက်နေကြရ သည့် သတင်း၊ ကျွဲ၊ နွားများကို ပြန်လည်ပြုစုပျိုးထောင် မွေးမြူနေကြရသည့် သတင်းဖြစ်သည်။ လွှင့်သွားသည်မှာလည်း ကမ္ဘာကျော်မီဒီယာများမှပင် ဖြစ်ပါသည်။ သူများအခက်အခဲဖြစ်နေသည်ကို ဝမ်းသာ၍ ပြောနေသည် မဟုတ်ပါ။ နှိုင်းယှဉ်ချိန်ထိုးကြည့်စေလိုခြင်းသာအဓိကဖြစ်ပါသည်။ ကျွန်တော် တို့ လေဘေးဒဏ်ခံ ပြည်သူများအပေါ် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ စေတနာကို မြင်စေလိုခြင်းသာ အရင်းခံဖြစ်သည်။ ကင်မရာရိုက်နေသည်ကိုပင် ဂရုမစိုက်အား၊ အိုက်တင်မခံအားပဲ ဖွဲနပဲဖြင့် ထွန်ယက်နေသော ဧရာသား လယ်သမားကြီးများကို ကြည့်နေမိစဉ် ငယ်စဉ်ကသင်ခဲ့ဖူးသော ကဗျာတစ်ပုဒ်သည် ရင်တွင်းသို့ စီးဆင်းလာသည်။

“ဤမှာမြေပြင်၊ မြစိမ်းဆင်လျက်၊
ကောင်းကင်မိုးဝယ်၊ နီလာခြယ်နှင့်၊
အိုဘယ်လူသား၊ နှစ်ရောင်ကြားဝယ်၊
ခံ့ညားပေစွ၊ ခံ့ပေစွ”

ဟူသော ကဗျာတိုလေးဖြစ်သည်။ မြစိမ်းရောင်မြေပြင်နှင့် ပြာလွင်သော ကောင်းကင်တို့အကြား လှုပ်ရှားနိုးကြားနေသော လူသားတို့၏ စွမ်းအားကို လေးစားတန်ဖိုးထား ဖော်ကျူးပြသော ကဗျာဖြစ်သည်။ ယင်းကဗျာသည် ဧရာသားတို့၏ ဖွဲမာန်အတွက် သရုပ်ဖော်ပြသရန် အသင့်လျော်ဆုံး ဂုဏ်ပြုမှုဟုပင် ကျွန်တော် ကင်ပွန်းတပ်လိုပါသည်။

လယ်ထွန်စက်များဖြင့် အင်တိုက်အားတိုက် တစ်နေကုန်တစ်နေခန်း မောပန်းလာသမျှ လယ်သမားတို့အနားယူရန် ဘုံဗိမာန်သည်လည်း လယ်ကွက်များနှင့် တစ်ခေါ်ပင်မဝေးသော နေရာတွင် တွေ့နေရသည်။ လယ်ထွန်နေသည့် လယ်သမားများ၏နောက်တွင် ယင်းတို့အတွက် နေထိုင်ရန် ဆောက်လုပ်ပေးထားသော အိမ်သစ်များကို တွေ့နေရပါသည်။ သွပ်မိုးတွေက ပြောင်လက်နေသည်။ အသစ်မှန်းသိသာသည်။ ပျဉ်ကာထားသည်မှာလည်း သပ်သပ်ရပ်ရပ်ဖြစ်သည်။ ညီညာသောပျဉ်ခင်းများကိုလည်း တွေ့ရသည်။ အိမ်ဦးခန်းတွင် ဘုရားစင်သည် တင့်တယ်ကြည်ညိုဖွယ်ဖြစ်သည်။ အိမ်ရှေ့ခန်းတွင် ပလတ်စတစ်ကော်ဇောပင် ခင်းထားလိုက်သေးသည်ကို တွေ့လိုက်ရသည်။ သတင်းအရုပ်များနှင့် အတွေးရေယဉ်ကြောအတွင်း ပီတိနှင့်အတူ မုဒိတာပွားနေရာမှ သတိကပ်ပြီး သတင်းကြေညာသူ၏ အသံကိုနားထောင်လိုက်မိပြန်သည်။ သတင်းကြေညာသူ၏အသံကို တစ်စွန်းတစ်စကြားလိုက်ရသည်။ **လေဘေးကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရတဲ့သူတွေအတွက် သူတို့အရင်နေခဲ့ရတဲ့ အဆင့်ထက်ပိုကောင်းတဲ့ အိမ်တွေမှာ နေထိုင်နိုင်အောင် နိုင်ငံတော်နဲ့ စေတနာရှင်၊ အလှူရှင်တွေက ပံ့ပိုးဖြည့်ဆည်းပေးမှာ ဖြစ်ကြောင်း ကြားလိုက်ရပါသည်။ ကြားလိုက်ရသည့် အသံနှင့် မြင်လိုက်ရသည့် မြင်ကွင်းသည် တစ်ထပ်တည်းကျနေပြန်ကြောင်း မှတ်မှတ်ထင်ထင် သတိပြုမိပြန်သည်။ ဆိုခဲ့စေမြဲစေဆိုတာ ဒါပါလားဟုပင် မှတ်တမ်းတင် လိုက်မိပါသည်။ လေထိုးလေလျော့ မစားရဝခမန်း ပြောနေသည်ကို ကြားနေရသည်ထက် ပြောသည့်အတိုင်း လုပ်သောသူကိုသာ ကျွန်တော်တို့ အထင်ကြီးသည်၊ လေးစားသည်။**

Fish and Chip (ငါးအသားပြားကြီးကြီးနှင့်အာလူးကြော်)ကျွေးမည်၊ အဆင်ပြေတဲ့ အချိန်ထိစောင့်ပါဆိုသည်ထက် ထမင်းကြမ်းနှင့် ငါးဖန်းမငါးပိကောင်မီးကင်ကို ဆီဆမ်းကာ လက်ဖက်ရည်ကြမ်းခါးခါးပူပူကို စေတနာဗရပွဖြင့် ချက်ချင်းချကျွေးမည့်သူကိုသာ တွေ့လိုသည်။ မြန်မာစစ်စစ်တို့၏သဘောကို ကမ္ဘာကျော်တို့ သိစေလိုသည်။

ကျွန်တော်သည် ရန်ကုန်မြို့တွင်မွေးကာ ရန်ကုန်မြို့တွင်ကြီးခဲ့ရသူဖြစ်သော်လည်း မွေးသဖခင်ကျေးဇူးရှင်အဖေသည် တောမှာမွေးကာ တောမှာ ကြီးခဲ့သူဖြစ်သည်။ အဖေသည် ဥက္ကံဇာတိဖြစ်သည်။ မြို့ပေါ်ကမဟုတ်။ ရွာငယ်လေးမှဖြစ်သည်။ **‘ဥက္ကံသုံးဆယ်၊ အပျိုတွေချောတဲ့လှိုင်ဘောလယ်’** ဆိုပေမယ့် အဖေသည် ရန်ကုန်မြို့ကို တက်လာကာ ဥက္ကံသုံးဆယ်မှ အပျိုတွေထက်ချောသော အမေ့ကိုယူသည်။ ကျွန်တော့်ကိုမွေးသည်။ သူ့ဇာတိရွာသို့ အမေနှင့် ကျွန်တော့်ကို သယ်မချီပိုးကာ နှစ်တိုင်းပြန်သည်။ ဆွေပြမျိုးပြဖြစ်သည်။ ထို့ကြောင့်ကျေးရွာလေးများမှ လယ်သမားများ၏ နေထိုင်ရာ ဘုံဗိမာန်များကို ကျွန်တော်စာတွေ့မဟုတ်၊ လက်တွေ့သိသည်။ အဖေတို့ရွာက လယ်တဲနဲ့ အမျိုးတွေနေရတဲ့အိမ်တွေကို ဘယ်လိုဆိုတာ ကျွန်တော်သိသည်။ သက်ငယ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်းသည်။ နွေမှာနေလို့ကောင်းပေသိ၊ ဆောင်းကျလျှင် ကြမ်းကြားလေ၏အရသာသည် ဆိုးပါသည်။ မိုးကျလျှင်လည်း တဲကလေးကမခိုင့်တခိုင် လေတိုးလို့ယိုင်ကြရပါသည်။ ထို့ကြောင့်ပင် ယခုလို အခိုင်အခံ့ တည်ဆောက်ပေးထားသော အိမ်သစ်ရာသစ်တွင် နေထိုင်ရသည့် ဧရာသားနောင်တော် လယ်သမားများအတွက် ဥက္ကံသား လယ်သမားမျိုးရိုးရဲ့သားက ကြည်နူးဝမ်းသာဖြစ်ရပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏အမှာစကားတွင်လေဘေးသင့်သူများ၏နေအိမ်များကို နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်းစီမံပေးမှုနှင့် စေတနာရှင်၊ အလှူရှင်များ၏လှူဒါန်းမှုတို့ဖြင့် ယခင်ကနေထိုင်ခဲ့သောအဆင့်ထက် သာလွန်ကောင်းမွန်စေရမည်ဟုပါသည်။ နိုင်ငံတော်ဆိုသည်ကို ကျွန်တော်တို့ရှင်းလင်းစွာ မြင်သည်။ စေတနာရှင်၊ အလှူရှင်များ ဆိုသည်ကိုလည်း စာရှုသူအနေဖြင့် ရှင်းလင်းစွာ သိမြင်နိုင်ပါလိမ့်မည်။ ရှင်းလင်းပြီးသားဖြစ်သည်ကို ထို့ထက်ပိုမိုနီးကပ်စွာ၊ ကြည်လင်ပြတ်သားစွာ ကျွန်တော့်အနေဖြင့် ထပ်မံမြင်တွေ့ခံစား နားလည်ရသည်ကို တင်ပြခွင့်ပြုစေလိုပါသည်။ **ငွေကြေးပစ္စည်းဥစ္စာ စားဖွယ်ရာများ လှူဒါန်းကြသူများကို စေတနာရှင်များ၊ အလှူရှင်များဟု ကျွန်တော်ခံယူပါသည်။ ထို့ထက်ပို၍ လုပ်အားပေးလှူနေကြသော တပ်မတော် သားများ၊ လူမှုရေးအဖွဲ့အစည်းဝင်များကိုလည်း စေတနာရှင်၊ အလှူရှင်များ စာရင်းတွင် ကျွန်တော်ထည့်သွင်းလိုပါသည်။ လေဘေးသင့် ပြည်သူများအတွက် အိုးအိမ်သစ်များတည်ဆောက်ရာတွင် လုပ်အားကို ပေးလှူနေကြသော လုပ်အားဒါနရှင် တပ်မတော်သားများ၊ လေဘေးဒဏ်ခံရချိန်တွင် ဝေဟင်၊ မြေပြင်၊ ရေပြင်တို့မှ သက်စွန့်ဆံဖျား လူးလာဆန်ခတ်သွားလာ ကယ်ဆယ်ခဲ့ကြသော ကြည်း/ရေ/လေ တပ်မတော်သားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းလူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆေးပညာရှင်များ စသည်တို့သည်လည်း စေတနာရှင် အလှူရှင်များဖြစ်သည်ဟုဆိုလျှင် လွန်အံ့မထင်ပါ။ အလားတူ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ညီညွတ်မှု၊ တစ်သွေးတစ်သားတည်းရှိမှု၊ ပူးပေါင်းဆောင်ရွက်မှုစသော စွမ်းအားများဖြင့် ကျွန်တော်တို့သည် ပြင်းထန်ဆိုးဝါးလှသော လေဘေးဒဏ်မှ အချိန်တို ကာလအတွင်း ပြန်လည် ရုန်းထ ရှင်သန်လာခဲ့ရသည်ဟု ဆိုလျှင် လွန်အံ့မထင်ပါ။**

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

> ## ပြည်ပမီဒီယာများက မှန်းတုတ်၊ ရမ်းတုတ်နှင့် ချိုးချိုးဖွဲ့ဖွဲ့ ပြောကြတာတွေသည် အခုလို သက်သေသာဓကနှင့် မျက်မြင်တွေ့လိုက်ရချိန်မတော့ ငြိမ်သွားလောက်ပြီထင်ပါသည်။ အချိန်တိုအတွင်းမှာ လေဘေးသင့်ဒေသခံများအနေဖြင့် ယင်းတို့၏ ပုံမှန် အသက်မွေးဝမ်းကျောင်း အလုပ်များကို ပြန်လည်လုပ်ကိုင်နိုင်အောင် ဖြည့်ဆည်း ပံ့ပိုး စောင့်ရှောက်ပေးနိုင်ခဲ့သည့် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ အစွမ်းနှင့် ကြိုးပမ်းအားထုတ်မှုကို မှန်းကြည့်၍ ရပါသည်။ ပုံမှန်စေတနာ၊ သာမန်အရည်အချင်းဖြင့် မရနိုင်သည်ကို အားလုံးက သိကြပါသည်။

အောင်ဇမ္ဗူရုံ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် အထူးတရားပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၉

တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက်၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၇ရက် (ကြာသပတေးနေ့) ဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့)နံနက် ၁၀နာရီတွင် ပျားရည်ကုန်းရပ်ကွက် အောင်ဇမ္ဗူရုံ၌ကျင်းပမည်ဖြစ်ရာ သံဃာတော်များအား ပင့်ဖိတ်၍ ဆွမ်း၊ သင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းလိုသူနှင့် အလှူရှင်များသည် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်များကို ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းနိုင်ပြီး ဝါဆိုလပြည့်နေ့ ည ၇ နာရီတွင် စစ်ကိုင်းအရှင်ခေမိန္ဒ (နယ်လှည့်ဓမ္မကထိကခင်မကန်တိုက်) ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားပွဲ၌ အလှူခံရရှိသော အလှူငွေများကို လေဘေးသင့်ပြည်သူများထံ ပေးပို့လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၉

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်(၃၃၇/က)ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ အကြိမ်(၁၂၀)မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇူလိုင် ၁၇ရက် (ဝါဆိုလပြည့်နေ့) မှ ဇူလိုင် ၂၅ရက် (ဝါဆိုလပြည့်ကျော် ၈ ရက်)အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

၂၀၀၈ခုနှစ်၊ ဇူလိုင်လ ၁၃ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံးပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

☆ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ရောတိုင်းသားတို့ကို နယ်ပယ်အသီးသီးမှ လာရောက်ကြကုန်သော စေတနာ့ဝန်ထမ်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များကလည်း ဖေးကူလက်တွဲကာ အိမ်သစ်ဆောက်ရာတွင် ကူညီကြပါသည်။ လမ်းသစ်ဖောက်ရာတွင် ပါဝင်ကြပါသည်။ ဆေးရုံ၊ ဆေးခန်းများ ဆောက်ရာတွင် ကူပံ့ကြပါသည်။ မျက်မြင်ဖြစ်ပါသည်။ တပ်မတော်သားများကလည်း ထိုနည်းနှင်နှင်ပင်ဖြစ်သည်။ အိမ်ဆောက်ရာတွင်အသုံးပြုရမည့် သစ်များကို ရေလမ်းမှသင်္ဘောဖြင့် သယ်လာကြ၏။ ကျေးရွာအရောက် သင်္ဘောလမ်း မပေါက်သဖြင့် သင်္ဘောမှလှေကြီးများပေါ် သို့၊ ထိုမှတစ်ဆင့်ကျေးရွာဆိပ်ကမ်းသို့ သယ်ကြ၊ မကြ၊ ရွှေ့ပြောင်းကြရသည်။ လှေကြီးများပေါ်မှ လူအားဖြင့်သယ်ချကာ အိမ်သစ်ဆောက်မည့်နေရာများအထိ ရွှံ့အလူးလူး ဗွက်အပေပေဖြင့် သယ်မလာကြပါသည်။ မောပန်းသည်မှာလည်း အမှန်ပင်ဖြစ်ပါလိမ့်မည်။ သို့သော် အိမ်ရာသစ်များဖြစ်ပေါ်လာတိုင်း၊ အိမ်သားသစ်တို့ တက်ရောက်နေထိုင်တိုင်း၊ အိမ်သားသစ်တို့ရင်တွင်း၌ ပေါက်ပွားနေသော ပီတိကို ထိုးဖောက်ခံစားသိမြင်နားလည်ရတိုင်း လုပ်အားဒါနအလှူရှင်များ၊ တပ်မတော်သားများ၏အမောသည် ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့ပင် ဖြစ်ခဲ့မည်မှာ အမှန်ဖြစ်ပါ၏။

သယ်ယူလာသော သစ်များကို တိုင်းထွာဖြတ်တောက်ကာ ထုပ်လျှောက် ဒိုင်း မြားတို့ဖြင့် အိမ်ကို ခိုင်ခံ့သေသပ်စွာ တည်ဆောက်ပေးကြပါသည်။ မြန်မာတို့၏ လှပသော၊ ဖြူစင်သောနှလုံးသားကို ကြည့်တတ်သူများသာ မြင်ကြပါလိမ့်မည်။ မြန်မာတို့သည် ရှေးထုံးလည်းမပယ်၊ ဈေးသုံးလည်းမကြွယ်ကြသူများ ဖြစ်ပါသည်။ ထိုသို့ တည်ဆောက်ပြီးသော အိမ်ခြံမြေအသစ်များတွင် အိမ်နောက်ဖေးဈေးဆိုင် တည်ပေးပြန်ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် အိမ်ရာသစ်များတွင် နေထိုင်လျက်ရှိကြကုန်သော လေဘေးသင့်မိသားစုများအတွက် ဟင်းသီးဟင်းရွက်မျိုးစေ့များ ဝေငှပေးသည်ကိုတွေ့ရသည်။ စိုက်ပျိုးရန်အတွက် လက်သုံးပစ္စည်းများဖြစ်သော ပေါက်ပြား၊ တူရွင်း၊ ထွန်ခြစ်စသည်တို့ကို ပါ မကျန်စေရအောင် ဝေငှပေးသည်ကိုတွေ့လိုက်ရပါသည်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ကာ ကိုယ့်လုပ်အားဖြင့် ကိုယ်တိုင်ရှင်သန်ကြီးထွားနိုင်သည်ဟူသော ယုံကြည်စိတ်ကို မွေးမြူပျိုးထောင်ပေးခြင်းဖြစ်သည်။ အားနည်းသူ ကူမခြင်းဖြစ်သည်။ စိတ်ဓာတ်ပိုင်းဆိုင်ရာခိုင်မာတည်ကြည်အောင် တည်ဆောက်ပေးခြင်းဖြစ်သည်။ ကြည့်တတ်လျှင်မြင်ပါသည်။

ဟင်းစားပေးသကဲ့သို့ ကွန်ချက်လည်းပြခြင်းဖြစ်သည်။ ဟင်းသီးဟင်းရွက် မျိုးစေ့များပေးခြင်းသည် သေးနုပ်သိမ်ဖျင်းသောအလုပ်ကို လုပ်နေခြင်းသာ ဖြစ်သည်ဟု မြင်နေသူများလည်း ရှိနိုင်ပါသည်။ ထိုသူများအတွက်လည်း သာဓကတစ်ခု ပုံဆောင်ပြလိုပါသည်။ ဘုရင့် ဆင်တင်းကုပ်တွင် အမှုထမ်းရသော သာမန်အရပ်သားတစ်ဦးမျှသာဖြစ်သော မဂဒူးဆိုသူ အမျိုးသားတစ်ဦးသည် မိမိ၏ ကံစွမ်း၊ ဉာဏ်စွမ်း၊ ဝီရိယစွမ်းတို့ကိုအရင်းတည်၍ ဟင်းရွက်စေ့သည်ထံမှ ရရှိအပ်သော လက်ညှိုးတစ်ကော်စာ ဟင်းနုနယ်စေ့များကို စိုက်ပျိုးကာ လူစွမ်းလူစပြနိုင်ခဲ့ရာမှအစပြုကာ နောက်ဆုံးတွင် ဝါရီရူဘွဲ့ခံ ဘုရင်တစ်ပါးအဖြစ် ထင်ရှားကျော်ကြားခဲ့သည်ကို ကျွန်တော်တို့ငယ်စဉ်ကတည်းကပင် မြန်မာစာဖတ်စာအုပ်တွင် ဖတ်ရှုသင်ကြားခဲ့ဖူးပါသည်။ ကြွက်သေတစ်ခုအရင်းပြုဆိုသည့်စကားပုံ၏ ကြီးမားကျယ်ပြန့် နက်ရှိုင်းထိရောက်သည့်အဓိပ္ပာယ်ကို မြန်မာများကောင်းစွာသိပါသည်။ ထို့ကြောင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်ခြင်းကို သာမညောင်ည လုပ်ရပ်တစ်ခုဟု ထင်မှတ်ပါက မှားယွင်းပါလိမ့်မည်။

အထက်တွင် ရေးသားတင်ပြခဲ့သည့်အတိုင်း စိမ်းလန်းသော လယ်ကွင်းများ၊ ညိုမောင်းသော အရောင်ကိုဆောင်သည့် ထွန်ယက်ဆဲ လယ်ကွင်းများအတွက် နောက်ခံပန်းချီကားတစ်ချပ်အဖြစ် ပနံရနေသော လယ်သမားများ၏ အိမ်ရာသစ်များကိုမြင်ရသဖြင့် ငယ်စဉ်ကတည်းကပင် ရင်တွင်းတွင် စွဲနေခဲ့သော ကဗျာတိုလေးတစ်ပုဒ်ကို သတိရမိပြန်သည်။**"လယ်စောင့်တဲလေး ခြေတံရှည်၊ မိုးကုပ်အောက်မှာတည်"** ဆိုသည့် ကဗျာဖြစ်သည်။ယခုမြင်တွေ့နေရသော မြင်ကွင်းကြောင့် ထိုကဗျာကို မရေးတတ်ရေးတတ်နှင့် ပြင်၍ပင် ရေးလိုက်ချင်ပါသေးသည်။

"အိုးအိမ်သစ်များ စီရရီ၊
သပ်ရပ်လှပါသည်။
ထွန်စက်အသင့် မျိုးအသင့်၊
အိမ်နဲ့ပန်းသင့်" ဟူ၍ ဖြစ်ပါသတည်း။ ။

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ မုန်တိုင်းသင့်ပြည်သူများအတွက် ဦးနော်အောင် (အောင်ချမ်းသာကွန်စထရပ်ရှင်းအင် ဆားဗစ်ဆက်ကုမ္ပဏီလီမိတက်) စမ်းချောင်းမြို့နယ်က အိမ်အလုံး ၅၀အတွက် ငွေကျပ် သိန်း ၃၀၀ ကို ပေးအပ်လှူဒါန်းစဉ်။

(ဘဏ္ဍာ/အခွန်)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၉

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများအား ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

ဇူလိုင် ၈ ရက်တွင် လှူဒါန်းကြသော အလှူရှင်များမှာ Mr. Narakorn Sasom, Mr.Jakarit (Thailand) တို့က ငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက အမြဲတမ်းနေအိမ် ငါးလုံးအတွက် ငွေကျပ် သိန်း ၃၀၊ ဦးချိုစိမ်းလဲ့မေရိပ်သာ (ရန်ကင်း)က ငွေကျပ် တစ်သိန်း၊ ဒေါ်သန်းသန်းမော်(ရွှေညောင်ပင် ၃၆၅) မြစ်ကြီးနားဘဏ်မှတစ်ဆင့် ငွေကျပ် တစ်သိန်း၊ ပြည်ပရှိ မြန်မာသံရုံး၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ရုံးမှတစ်ဆင့် စေတနာရှင်များက အမေရိကန်ဒေါ်လာ ၂၀၁၁၂၊ ယူရို ၃၇၆၁၊ စင်ကာပူဒေါ်လာ ၁၀၀၈၂၊ Swiss ဖရန့် ၁၃၀၀၊ ရူပီး ၃၁၂၅ တို့ဖြစ်သည်။

ဇူလိုင် ၉ရက်တွင် လှူဒါန်းကြသော အလှူရှင်များမှာ ဦးတင်ဇော်မြင့်နှင့် ဒေါ်ဥဥခင် မိသားစု သံလွင်လမ်း ကမာရွတ်မြို့နယ်က အိမ်တစ်လုံးအတွက် ငွေကျပ် ခြောက်သိန်း၊ ဦးနော်အောင်(အောင်ချမ်းသာကွန်စထရပ်ရှင်းအင် ဆားဗစ်ဆက် ကုမ္ပဏီလီမိတက်) စမ်းချောင်းမြို့နယ်က အမြဲတမ်းနေအိမ် အလုံး ၅၀အတွက် ငွေကျပ် သိန်း ၃၀၀၊ ဦးကျော်ဇေယျ၊ ဦးဆန်းဌေးနှင့် ဦးသန်းညို (နေပြည်တော်၊ ရန်ကုန်)က ငွေကျပ် တစ်သိန်း၊ Embassy of the Union of Myanmar, Tokyo မှတစ်ဆင့် ပေးပို့လှူဒါန်းငွေ ယူရို ၇၀၄၆၄ ဒသမ ၉၆၊ စင်ကာပူသမ္မတနိုင်ငံ အခြေစိုက် SELONIC Pte.,Ltd. ကိုယ်စား မြန်မာစီးပွားရေး ကော်ပိုရေးရှင်းမှတစ်ဆင့် ပေးပို့လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၊ Ling Jiou Mountain Buddhist Society, Taiwan က အိမ်အလုံး ၃၅၀ အတွက် အမေရိကန်ဒေါ်လာ ၂၁၀၀၀၀ တို့ဖြစ်သည်။

ဇူလိုင် ၈ရက်နှင့် ဇူလိုင် ၉ရက်တို့တွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာငွေကျပ် ၃၄၁ သိန်း၊ အမေရိကန်ဒေါ်လာ ၂၃၁၁၂၊ ယူရိုငွေ ၇၄၂၂၅ဒသမ ၉၆၊ စင်ကာပူဒေါ်လာ ၁၀၀၈၂၊ Swiss ဖရန့် ၁၃၀၀ နှင့် ရူပီး ၃၁၂၅တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာ ငလျင်နှင့် ဟာရီကိန်း သတင်းများ

ဂျပန်တောင်ပိုင်းတွင် အင်အားပြင်း ငလျင်လှုပ်

တိုကျို ဇူလိုင် ၉

ဂျပန်နိုင်ငံတောင်ပိုင်း တိုကျိုမြို့၏ အနောက်တောင်ဘက် မိုင် ၁၀၀၀ခန့်ကွာဝေးသော ပင်လယ်ရေအောက်ကြမ်းပြင်ကို ဗဟိုပြုလျက် အင်အား ၆ ဒသမ ၀အဆင့်ရှိသည့် အင်အားပြင်းငလျင်တစ်ခု ဇူလိုင် ၈ရက်က လှုပ်ခတ်သွားကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ကြေညာသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ်လှုပ်ခတ်သော အင်အားအဆင့် ၆ ဒသမ ၀ အထက်ရှိသော ငလျင်များအနက် ဂျပန်နိုင်ငံ၌ လှုပ်သောငလျင်များသည် ၂၀ ရာခိုင်နှုန်း ပါဝင်ကြောင်းသိရသည်။

ပီရူးတောင်ပိုင်းတွင် အင်အား(၆)အဆင့်ရှိ ငလျင်လှုပ်

အရီကွီပါ (ပီရူး) ဇူလိုင် ၉

ပီရူးနိုင်ငံတောင်ပိုင်းတွင် ဇူလိုင် ၈ ရက် အစောပိုင်းက အင်အား ၆ ဒသမ ၀အဆင့်ရှိ မြေငလျင်သည် ဒုတိယအကြီးဆုံးမြို့ဖြစ်သော အရီကွီပါမြို့ အနီးကို ဗဟိုပြု၍ လှုပ်ရှားသွားရာ မြို့နေပြည်သူများ ထိတ်လန့်တကြားဖြင့် နေအိမ်ပြင်ပသို့ ထွက်ပြေးကြကြောင်း သတင်းများကဖော်ပြသည်။

ဖိလစ်ပိုင်တွင် အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

မနီလာ ဇူလိုင် ၉

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း အော်ရိုးရှားပြည်နယ် ဘလဲယားမြို့တွင် ဇူလိုင် ၈ရက် နံနက်ပိုင်းက အင်အား ၅ဒသမ ၄ အဆင့်ရှိသော ငလျင်လှုပ်သွားသည်။ ထိုငလျင်သည် ဘလဲယားမြို့၏ အရှေ့ ၉၈ ကီလိုမီတာအကွာနေရာကို ဗဟိုပြု၍ လှုပ်ခတ်သွားကြောင်း အေဘီအက်စ်စီဘီအင် သတင်းဌာနက ထုတ်ပြန်သည်။ ထိုငလျင်ကြောင့် အပျက်အစီး၊ အသေအပျောက် တစ်စုံတစ်ရာမရှိဟုဆိုသည်။

ရုရှား၌ အင်အားပြင်း ငလျင်လှုပ်

မော်စကို ဇူလိုင် ၆

ရုရှားနိုင်ငံ အရှေ့တောင်ဘက်ရှိ အိုကာမော့ခ်ပင်လယ်ဒေသတွင် ဇူလိုင် ၅ရက် နံနက် ၆ နာရီ ၁၃ မိနစ်က အင်အား ၆ဒသမ ၉အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်သွားကြောင်း အီတာတပ်စ်သတင်းဌာနက ဖော်ပြသည်။

အဆိုပါငလျင်သည် ပင်လယ်ပြင်အောက် ကီလိုမီတာ ၆၀၀ ခန့်၊ ကမ်ချက်ကာဒေသ အနောက်ဘက် ကီလိုမီတာ ၄၀၀ အကွာကို ဗဟိုပြု၍ လှုပ်ရှားသွားသည်။

ငလျင်သည် ပတ်ထရိုပေ့လိုဗက်ကမ်ချက်စကီးမြို့ အရှေ့ဖျားတွင် လှုပ်ခတ်ပြီး တစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခြင်းနှင့် ပျက်စီးဆုံးရှုံးခြင်း မရှိကြောင်း အရေးပေါ်ကယ်ဆယ်ရေးဌာနက ပြောကြားသည်။

ဘာသာဟာရီကိန်းမုန်တိုင်း အတ္တလန္တိတ်သမုဒ္ဒရာတွင် တိုက်ခတ်

မီယာမီ ဇူလိုင် ၉

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ၂၀၀၈ခုနှစ်၌ ပထမဆုံးတိုက်ခတ်သည့် ဘာသာမုန်တိုင်းသည် ဘာမျူဒါကျွန်းအနီး ဗဟိုပြု၍ လှုပ်ရှားလျက်ရှိရာ ယင်းမုန်တိုင်းသည် ဇူလိုင် ၈ ရက်တွင် အင်အားအဆင့်သုံးရှိ မုန်တိုင်းအဖြစ်မှ အင်အားအဆင့်နှစ် မုန်တိုင်းအဖြစ်သို့ အားပျော့လာကြောင်း ဟာရီကိန်းမုန်တိုင်း လေ့လာရေးဌာနက ထုတ်ပြန်သည်။

မုန်တိုင်းဦးတည်ရာ လမ်းကြောင်းသည် ရေနံနှင့်ဓာတ်ငွေ့ထုတ်လုပ်ရာ မက္ကဆီကိုပင်လယ်ကွေ့မှ ကင်းလွတ်ဖွယ်ရာရှိကြောင်းလည်း သက်ဆိုင်ရာများက ထုတ်ပြန်သည်။

ဘာသာပြန် စာတည်းအဖွဲ့ဝင်များ စုစည်းဖော်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကို ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟွမ်(န်)ဟိုဆေးဂိုမေ့ဇ်ကမာချိုအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဇူလိုင် ၉ ရက်က လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံ DPJ ပါတီမှ အထက်လွှတ်တော်အမတ်နှင့် မြန်မာ-ဂျပန် ချစ်ကြည်ရေး ပါလီမန်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ဂျပန်နိုင်ငံ DPJ ပါတီမှ အထက်လွှတ်တော်အမတ်နှင့် မြန်မာ-ဂျပန် ချစ်ကြည်ရေး ပါလီမန်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် အဖွဲ့ဝင်များအား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ DPJ ပါတီမှ အထက်လွှတ်တော်အမတ်နှင့် မြန်မာ-ဂျပန် ချစ်ကြည်ရေး ပါလီမန်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Yasuaki NOGAWA လည်း တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံ DPJ ပါတီမှ အထက်လွှတ်တော်အမတ်နှင့် မြန်မာ-ဂျပန်ချစ်ကြည်ရေးပါလီမန် အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဂျပန်နိုင်ငံ DPJ ပါတီမှ အထက်လွှတ်တော် အမတ်နှင့် မြန်မာ-ဂျပန် ချစ်ကြည်ရေး ပါလီမန် အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Hideo Watanabe အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၇-၂၀၀၈ (ကြာသပတေးနေ့)

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၈ ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၀ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၀၀ ၆။ သံသာချိုအေး မင်္ဂလာတေး
၈း၁၀ ၇။ အကပြိုင်ပွဲ
၈း၂၀ ၈။ တေးဂီတအစီအစဉ်
၈း၃၀ ၉။ International News.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၅ ၃။ တေးဂီတအစီအစဉ်
၄း၃၅ ၄။ အကပဒေသာ
၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၁၀ ၆။ တေးဂီတအစီအစဉ်
၅း၂၅ ၇။ အတီးပြိုင်ပွဲ
၅း၄၀ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ ငြိုဟ်တုအသုံးပြု ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းနှင့် နိုင်ငံတကာကျင့်ထုံးများ
၆း၅၀ ၁၂။ **ကရုဏာသံစဉ်ခရီးစဉ် ရင်မှာပီတိ ဂွမ်းဆီထိ (အပိုင်း-၁)**
၇း၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကော်ဖီချစ်သူ” (အပိုင်း-၁၀)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ပင်လယ်ပျော်မင်းသား’ (အပိုင်း-၉)**
၁၈။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်
၁၉။ အစီအစဉ်ပြီး၏။

အောင်စကြာမိုးကုတ်ရိပ်သာ ဝါတွင်းတရားစခန်းများဖွင့်မည်

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာမိုးကုတ် ဝိပဿနာဓမ္မရိပ်သာကြီး၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဝါတွင်း အထူးတရားစခန်းပွဲများတွင် (ဝါဆိုလပြည့်ကျော် ၆ ရက်မှ ၁၅ရက်) ဇူလိုင် ၂၃ရက်မှ ဩဂုတ် ၁ ရက်အထိ ဦးကေသဝ(စမ်းချောင်း)၊ (ဝါခေါင်လဆန်း ၆ရက်မှ၁၅ရက်) ဩဂုတ် ၇ရက်မှ ၁၆ရက်အထိ ဦးစန္ဒသာရ (ကျောင်းကုန်းမြို့)၊ (ဝါခေါင်လပြည့်ကျော် ၅ရက်မှ ၁၄ရက်) ဩဂုတ် ၂၁ရက်မှ ၃၀ရက်အထိ ဦးဉာဏာဘာသ (သဇင်ရေကျော်)၊ (တော်သလင်း လဆန်း ၆ရက်မှ၁၅ရက်) စက်တင်ဘာ ၅ရက်မှ ၁၄ ရက်အထိ ဦးပဏ္ဍိတ(ပိဋကတ်နှစ်ပုံဆောင်)၊ (တော်သလင်း လပြည့်ကျော် ၆ရက်မှ ၁၅ရက်) စက်တင်ဘာ ၂၀ရက်မှ ၂၉ရက်အထိ ဦးသုမနာစာရ (မြောက်ဥက္ကလာပ)၊ (သီတင်းကျွတ်လဆန်း ၆ ရက်မှ ၁၅ ရက်) အောက်တိုဘာ ၅ရက်မှ ၁၄ရက်အထိဦးစန္ဒာသီရိ(အောင်စကြာ)နှင့် ဆရာဦးဆန်းတင်တို့က ပဋ္ဌိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားပြသမည်ဖြစ်ရာ ဤရိပ်သာ၌ ဝါဆို၍ တရားအားထုတ်လိုသော သံဃာတော်များသည် ဝါဆိုလဆန်း ၁၄ရက် နောက်ဆုံးထား၍ ကိုယ်တိုင်လာရောက်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ဖျော်ရည် လှူဒါန်းလိုသော အလှူရှင်များသည် ဖုန်း-၅၄၇၀၂၈ နှင့် ၀၉၅၁၄၇၃၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

UNFPA

ကမ္ဘာ့လူဦးရေနေ့

မိသားစုဘဝသာယာရေး

မျိုးဆက်ပွားကျန်းမာရေး လက်တွေ့ဖော်ဆောင်ပေး

It's a right, let's make it real

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၉

၂၀၀၈ ခုနှစ် (၁၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီးမင်းဇော် တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါဖွင့်ပွဲသို့ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အမှုဆောင် ဦးသန့်ဇင်၊ တပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည် မိသားစုဝင်များ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အသင်းများတက်ရောက်ကြပြီး တပ်မတော်(ကြည်း၊ ရေ၊လေ)မှ ပြိုင်ပွဲဝင်အသင်း ၂၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သံအမတ်ခန့်အပ်လွှာ ပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာအိုင်ဗန်ဟိုတက်ခ် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ဇူလိုင် ၉ ရက်က ပေးအပ်စဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၇-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေး တေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀	၁၀။	အမျိုးသားရေး တေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၂၀	၃။	အမျိုးသားရေး တေးကဗျာ
၄:၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄:၄၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၄:၅၀	၆။	အမျိုးသားရေး တေးကဗျာ
၅:၂၀	၇။	ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅:၃၀	၈။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	**ကာတွန်းအစီအစဉ် ကျားကလေးရဲ့ မွေးရပ်မြေ အပိုင်း(၁၁)**
၆:၄၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ပျော်ရွှင်ပါစေ အပိုင်း (၄၂)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေး တေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း နှင်းတောင်သူရဲကောင်း အပိုင်း (၇)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

ပုလောမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၉

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ပုလောမြို့နယ်အသင်းတိုက်၌ (၁၃၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၁၁ရက်) ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။ အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်လှူဒါန်းကြပါရန်နှင့် သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဥက္ကဋ္ဌ ဦးမောင်လှ ဖုန်း-၅၁၄၉၆၉၊ ဒုတိယဥက္ကဋ္ဌ ဦးဘမြင့် ဖုန်း-၆၉၉၄၄၇၊ ဒုတိယဥက္ကဋ္ဌ ဦးကြီးညွန့် ဖုန်း-၂၉၆၉၆၂၊ ဒုတိယဥက္ကဋ္ဌ ဦးကျော် ဖုန်း-၃၈၇၀၈၄၊ အတွင်းရေးမှူး ဦးချစ်ထွေး ဖုန်း-၇၀၆၁၇၇၊ တွဲဖက်အတွင်းရေးမှူး ဦးသိန်းလွင် ဖုန်း-၇၀၅၈၇၂၊တွဲဖက်အတွင်းရေးမှူး ဦးအေးကို ဖုန်း-၂၂၃၉၅၄၊ တွဲဖက်အတွင်းရေးမှူး ဦးလှဝေ ဖုန်း-၂၂၀၃၄၂၊ အုပ်ချုပ်ရေးမှူး ဦးကိုလေး ဖုန်း-၂၂၉၇၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်

ရန်ကုန် ဇူလိုင် ၉

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ် လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ** မှာ နေပြည်တော်တွင် ၀ဒသမ၂၀လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၈၄ လက်မ၊ သထုံမြို့တွင် ၄ ဒသမ ၀၆လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင်၃ဒသမ ၁၁လက်မ၊ ညောင်လေးပင်မြို့တွင် ၂ဒသမ၉၅လက်မ၊ခရမ်းမြို့တွင် ၂ဒသမ၈၀လက်မ၊ ဂွမြို့နှင့် ဇောင်းတူမြို့တို့တွင်၂ဒသမ၇၂လက်မစီ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၂ဒသမ၄၄လက်မ၊မြိတ်မြို့တွင် ၂ဒသမ၂၈ လက်မနှင့် ဘားအံမြို့တွင် ၂ဒသမ၀၅လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားကောင်းနေသည်။

ဇူလိုင် ၁၀ ရက် ညနေထိ ခန့်မှန်းချက်

ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၀ ဒသမ၂ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီဖာရင်ဟိုက်) ၈-၇-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ်(၆၉ ဒီဂရီဖာရင်ဟိုက်) ၉-၇-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၁ ရာခိုင်နှုန်း ၉-၇-၂၀၀၈

နေပူသည့်နာရီပေါင်း ၀ဒသမ၅ နာရီခန့် ၈-၇-၂၀၀၈

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၉-၇-၂၀၀၈	၇၉မမ(၃.၁၁လက်မ)	၆၂မမ(၂.၄၄ လက်မ)	၄၆မမ(၁.၈၂လက်မ)
၁-၁-၂၀၀၈ မှ ယနေ့အထိ	၁၂၂၆ မမ (၄၈.၂၇လက်မ)	၁၄၇၇မမ (၅၈.၁၅ လက်မ)	၁၇၉၇မမ (၇၀.၇၅ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၈-၇-၂၀၀၈ ရက် ၂၁း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၀ မိုင်နှုန်း တိုက်ခတ်သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချို့ယွင်းပျက်စီးသွားခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ လမ်းပိုင်းများ ပြုပြင်ပြီးစီး ယာဉ်များ ပုံမှန်ပြန်လည်သွားလာနိုင်ပြီ

နေပြည်တော် ဇူလိုင် ၉

ရခိုင်ပြည်နယ်အတွင်း ဇွန် ၂၇ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇူလိုင် ၃ရက် နံနက်ပိုင်းတွင် ဘူးသီးတောင်-မောင်တော ကားလမ်းတစ်လျှောက်၌ တောင်မြေပြိုကျကာ လမ်းနေရာအချို့ ပိတ်ဆို့ခြင်း၊ လမ်းပိုင်းနေရာအချို့၌ ရေတိုက်စားမှုကြောင့် လမ်းသားပဲ့ကျခြင်း၊ တံတားချဉ်းကပ်လမ်းအချို့ မြေပြိုကျပြီး နှစ်ဖက်မြေထိန်းနံရံများ ရေတိုက်စားမှုကြောင့် ပြိုကျခြင်း၊ တံတားသစ်သားပေါင်အချို့ ရေစီးဖြင့် မျောပါသွားခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ထို့အတူ ဇူလိုင် ၃ ရက်နှင့် ၄ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သံတွဲ-တောင်ကုတ် လမ်းပိုင်းရှိ တဲမောက်တံတား၊ တရဂူတံတား၊ သဏ္ဍာယ်ပြင်တံတားတို့၌ ချို့ယွင်းပျက်စီးမှုများရှိခဲ့ပြီး ကမ်းဒေးရွာအနီးရှိ ကွန်ကရစ်ရေပြွန် မျောပါပျက်စီးသွားခဲ့ကြောင်း၊ တောင်ကုတ်-ပြည်လမ်းပေါ်ရှိ နေရာအချို့၌ မြေသားမြေကျွံနိမ့်ဝင်ခဲ့ပြီး လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းချို့ယွင်းပျက်စီးမှုများအား ဇူလိုင် ၄ ရက်မှ စတင်၍ ဒေသအာဏာပိုင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ပြင်ဆင်ဆောင်ရွက်ခဲ့သဖြင့် ယခုအခါ ဘူးသီးတောင်-မောင်တော ကားလမ်းရှိ မြေပြိုမှုများ ရှင်းလင်းဖယ်ရှားခြင်း၊ တံတားချဉ်းကပ်လမ်း မြေဖို့ပြုပြင်ခြင်း၊ သံတွဲ-တောင်ကုတ် လမ်းပိုင်းရှိ တံတားကမ်းကပ်ခုံမြေသားများ ပြုပြင်ခြင်း၊ ယာယီသစ်သားတံတား ခင်းပေးခြင်း၊ တောင်ကုတ်-ပြည် ကားလမ်းပေါ်ရှိ မြေသားမြေကျွံနိမ့်ဝင်မှုအား ပြုပြင်ဆောင်ရွက်ခြင်းများ ပြီးစီးပြီဖြစ်သဖြင့် ယာဉ်များ ပုံမှန်ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောက်ဆောက်ရေလှောင်တမံစီမံကိန်းနှင့် ရေပြောလျှပ်စစ်ရေတင်လုပ်ငန်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၉

မကွေးတိုင်း ပခုက္ကူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၆ ရက် နံနက် ၇ နာရီခွဲတွင် ပခုက္ကူတပ်နယ် ရဲတံခွန်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး စိုက်ပျိုးမွေးမြူရေးတွင် အသုံးပြုရန် အိမ်ထောင်သည် မိသားစုများအား ထောက်ပံ့ငွေများပေးအပ်သည်။ ထို့နောက် ပခုက္ကူတပ်နယ်ရှိ ကြက်ဆူပင်များစိုက်ပျိုးထားရှိမှုနှင့် တပ်တွင်းရှိလယ်မြေများ မြေပြုပြင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ပခုက္ကူခရိုင် မြိုင်မြို့နယ် တောင်သူ ဦးသိန်းဝင်းနှင့် ဦးသောင်းဝင်းတို့၏ ရွှေမြန်မာမျိုးစပါး စုပေါင်းစိုက်ပျိုးပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ ကျောက်ဆောက်ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိပြီး ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကို မှာကြားကာ ရေပိုလွှဲမြောင်း ကျောက်စီထားရှိမှု အခြေအနေ ကျောက်စီလုပ်ငန်းများပြီးစီးမှု အခြေအနေနှင့် ဆည်ရေသောက်မြောင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ စီမံကိန်း လုပ်ငန်းများ သတ်မှတ်ကာလထက် ဆောလျင်စွာပြီးစီးရေး တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ကျောက်ဆောက်ရေလှောင်တမံစီမံကိန်းမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး အကျိုးပြုဆည်ရေသောက် ဧရိယာဧက ၁၅၀ ဖြစ်သည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မြိုင်မြို့နယ် ဒေါင်အိုကျေးရွာသို့ ရောက်ရှိပြီး သီရိနန္ဒာ ရေလှောင်တမံမှရရှိသည့် ဆည်ရေဖြင့် စိုက်ပျိုးထားရှိသော လယ်မြေများ အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူ ဦးသိန်းဝင်းနှင့် ဦးသောင်းဝင်းတို့၏ ရွှေမြန်မာမျိုးစပါး စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ နံ့သာမြိုင်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ဒေသများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံ ပြည်သူများအနေဖြင့် နိုင်ငံတော်နှင့်လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသအလိုက် စားနပ်ရိက္ခာများ ယခုထက် ပိုမိုဖူလုံပိုလျှံမှုရှိစေရေး စိုက်ပျိုးမြေများ တိုးချဲ့စိုက်ပျိုးခြင်း၊ မြေအောက်ရေဖော်ထုတ်ခြင်း၊ မျိုးကောင်းမျိုးသန့်စပါးများ အသုံးပြု၍ အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စက်သုံးဆီ ဖူလုံစေရန် ဇီဝဒီဇယ်အစားထိုး ခြစ်ည်းရိုး ကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ဒေသအေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာရာ ပုသိမ်-မုံရွာလမ်း (ကဗွန်းမ-ဝက်ခုတ်အပိုင်း) လမ်းအူကြောင်း ရှာဖွေထားရှိမှု လုပ်ငန်းဆိုင်ရာ ကိုင်းတောမရွာ စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးအောင်ကျော်မြင့်က ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ပခုက္ကူခရိုင် ပေါက်မြို့နယ်နှင့် မြိုင်မြို့နယ်အကြားရှိ မိုင်တိုင် (၄၃/၇)အနီး၌ စက်ယန္တရားကြီးများဖြင့်လမ်းများ ချဲ့ထွင်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပေါက်မြို့နယ် ရေပြာကျေးရွာရှိ ရေပြာလျှပ်စစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိ၍ လိုအပ်သည်များကို မှာကြားပြီး ရေပြာလျှပ်စစ်ရေတင်လုပ်ငန်း ရေတင်စက်ရုံရှိ မော်တာများ လည်ပတ်နေမှု၊ ယောချောင်းမှ ပင်မမြောင်းကြီးထဲသို့ ရေထည့်သွင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေပြာကျေးရွာရှိ တောင်သူ ဦးကြည်ထွန်း၏ နှစ်ဧကစိုက်ခင်း၌ ရွှေမြန်မာစပါးပျိုးပင်များ ပျိုးနုတ်နေမှု၊ စုပေါင်းမိုးစပါးစိုက်ပျိုးနေမှုနှင့် နွေစပါး ရိတ်သိမ်းခြွေလှေ့နေမှုများကို ကြည့်ရှုအားပေး၍ ဗိုလ်ချုပ်ခင်ဇော်က ကောက်ကွက်ပြည့်မီရေးနှင့် အထွက်နှုန်း တိုးတက်စေရေးတို့အတွက် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက်ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပေါက်မြို့နယ် ပျဉ်းချောင်းကျေးရွာရှိ ခြစ်ည်းရိုး ကြက်ဆူဆီသုံးမီးဖို သရုပ်ပြပွဲသို့ ရောက်ရှိပြီး ကြက်ဆူပင်များ စိုက်ပျိုးထားမှု၊ ကြက်ဆူဆီကြိတ်ခွဲ ထုတ်ယူနေမှု၊ ကြက်ဆူဆီသုံးမီးဖိုဖြင့် သရုပ်ပြချက်ပြုတ်နေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပခုက္ကူခရိုင် တက်မတောင် စိမ်းလန်းစိုပြည်ရေးသို့ရောက်ရှိရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းတင်က ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ခင်ဇော်က သဘာဝသစ်တောများ ရေရှည်တည်တံ့စေရန်၊ သစ်တောသစ်ပင်များ ပြုန်းတီးမှု မရှိစေရန်၊ တောမီးများ လောင်ကျွမ်းမှု မရှိစေရန်နှင့် သဘာဝတောရှိ သစ်ပင်များ ရှင်သန်ကြီးထွားလာစေရန် တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်မှာကြားသည်။ ထို့နောက် တက်မတောင် စိမ်းလန်းစိုပြည်ရေး ရှုရပ်ကုန်းမှ သဘာဝတောအတွင်းရှိ သစ်ပင်များ စိမ်းလန်းစိုပြည်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေး၍ ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ပခုက္ကူမြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

ဆရာကြီး ဦးဂိုအင်ကာ၏ တရားပတ်များ

ရန်ကုန် ဇူလိုင် ၉

မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးဂိုအင်ကာ၏ ၁၀ ရက် တရားပတ်များနှင့် ရက်ရှည်တရားပတ်များကို ပုံမှန်ကျင်းပလျက်ရှိရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိဝိပဿနာရိပ်သာတွင် ၁၀ရက်တရားပတ်များကို လစဉ် တစ်လလျှင် နှစ်ကြိမ်ပြန်လည်ကျင်းပနေပြီ ဖြစ်ကြောင်းနှင့်တရားအားထုတ်လိုသူ ယောဂီများအနေဖြင့် ဖုန်း- ၅၄၆၆၆၀၊ ၅၄၉၂၉၀တို့သို့ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်း စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

(၈)ကြိမ်မြောက် ဝါတွင်း အထူးတရားပွဲ

ရန်ကုန် ဇူလိုင် ၉

အလုံမြို့နယ် ဇေတနာရာမ ပရိယတ္တိစာသင်တိုက်၌ ဇူလိုင် ၁၇ ရက်တွင် ဝါဆိုသင်္ကန်းကပ်လှူပြီး ဇူလိုင် ၁၆ ရက်တွင် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက်တွင် အရှင်ဆေကိန္ဒ (ဓမ္မဒူတ ဆရာတော်)တို့က တရားတော်များဟောကြားပြီး ဝါတွင်းကာလ အပတ်စဉ်ဥပုသ်နေ့နှင့် ဥပုသ်ထွက်ရက်များတွင် အရှင်ဆေကိန္ဒ (ဓမ္မဒူတ) က တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

သာသနာ့ဗိမာန်ရိပ်သာ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မဟာသုခိတာလမ်း အရှေ့ကြို့ကုန်း မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်၌ အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသည့် အလှူရှင်များသည် ဖုန်း-၆၄၁၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

စမ်းချောင်းမြို့နယ် အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရားကြီးတွင် အဆင့်မြင့်မွမ်းမံ လင်း၊ ပြန့်၊ ဖြိုး၊ လျှံ စီမံကိန်းလုပ်ငန်းရပ်ကြီးအတွက် စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက်မှ ကွယ်လွန်သူ ခင်ပွန်း ဦးစု နှင့် သမီး မခင်သန်းညွန့်တို့အား ရည်စူး၍ ဒေါ်ကြည်နှင့် သားသမီး မြေးတစ်စုကောင်းမှု အလှူငွေကျပ် နှစ်သိန်းကို ဇူလိုင် ၁ ရက်က ဂေါပကအဖွဲ့မှ ဦးသန်း၊ ဦးဘုန်းမြင့်နှင့် ဦးအောင်သိန်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (၀၄)

ဗဟန်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ဝါဆိုသင်္ကန်းကပ်နှင့် စာအောင်သံဃာပူဇော်မည်

ရန်ကုန် ဇူလိုင် ၉

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက နိုင်ငံတော် သံဃမဟာနာယက ယောဆရာတော်ကြီး အမှူးပြုသော ကျောင်းတိုက်၌ ဝါဆို ဝါကပ်တော်မူကြမည့် စာချ၊ စာသင်သံဃာတော်၁၉၈ပါးနှင့် ပင့်သံဃာ ဆရာတော်ကြီးများအား ကုသိုလ်ရှင်များ စုပေါင်း၍ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် မြင်းခြံမြို့ ပရိယတ္တိ သဒ္ဓမ္မပါလအသင်း စာမေးပွဲ၌ သီးခြားစာချတန်းအောင် အရှင်ဝဇိရပါဏိလင်္ကာရာဘိဝံသ၊ မြင်းခြံမြို့ သီးခြားစာသင်တန်းနှင့် မုံရွာမြို့ ပိဋကာလင်္ကာရ ဓမ္မာစရိယစာမေးပွဲ သီးခြားစာသင်တန်းအောင် အရှင်ဇဝနာ လင်္ကာရာဘိဝံသ၊ မြင်းခြံမြို့ မူလစာသင်တန်းအောင် အရှင်မုနိန္ဒာလင်္ကာရ၊ အရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အစိုးရ ပထမကြီးတန်း ရန်ကုန်တိုင်း ဒုတိယဂုဏ်ထူးရ ရှင်စန္ဒိမာလင်္ကာရ၊ တတိယဂုဏ်ထူးရ အရှင်ကုဏ္ဍလာလင်္ကာရ၊ ပထမလတ်တန်း ပထမဂုဏ်ထူးရ ရှင်ဝရဉာဏ၊ ပထမငယ်တန်း တတိယဂုဏ်ထူးရ ရှင်အာစာရ၊ သာမဏေကျော်ဘွဲ့ရ ရှင်ဇောတိကာလင်္ကာရ၊ ရှင်သုဒဿနာ လင်္ကာရ၊ ရှင်သောပါကာလင်္ကာရ သာသနာ့ အာဇာနည်အရှင်မြတ် ၁၁ ပါးနှင့်ကျောင်းတိုက်ဘာသာစုံ စာမေးပွဲအောင် သံဃာတော် အရှင်မြတ်တို့အား ချီးကျူးဂုဏ်ပြု ပူဇော်ပွဲကို ဝါဆိုလပြည့်နေ့ ဇူလိုင်၁၇ ရက်(ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ်၊ နန္ဒဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်သစ်၌ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်များအားလုံး ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

ပို့ကုန်၊ သွင်းကုန်လုပ်ထုံးလုပ်နည်း သင်တန်းအမှတ်စဉ် (၃၃)ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးဖွင့်လှစ်မည့် ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်း သင်တန်းအမှတ်စဉ် (၃၃)ကို ဇူလိုင်လအတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန (ရန်ကုန်ရုံးခွဲ) အမှတ် ၂၂၈/၂၄၀ (ကမ်းနားလမ်း)ရန်ကုန်မြို့၌ ဖွင့်လှစ်ရန်စီစဉ်ထားရာ သင်တန်းတက်ရောက်လိုသူများ အဆိုပါရုံး (ရန်ကုန်ရုံးခွဲ)အုပ်ချုပ်မှုဌာနတွင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် သင်တန်းဖွင့်လှစ်မည့်ရက်ကိုထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဆူဒန်နယ်စပ် စစ်စခန်းကို အီသီယိုးပီးယားတိုက်ခိုက်ဟု စွပ်စွဲ

ခါတွန် ဇူလိုင် ၉

ဆူဒန်နိုင်ငံမြောက်ပိုင်းရှိ နယ်စပ်စစ်စခန်းတစ်ခုကို အီသီယိုးပီးယားတို့ကတိုက်ခိုက်ပြီး ၁၉ဦးကိုသတ်ဖြတ်သွားကြောင်း ဆူဒန်နိုင်ငံက ဇူလိုင် ၈ရက်တွင် စွပ်စွဲလိုက်သည်။

ထိုအဖြစ်အပျက်မှာ ဆူဒန်နိုင်ငံ စင်နာပြည်နယ် ဂျဘဲလ်ဟန်တဗ်အရပ်၌ တနလ်ာနေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဆူဒန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အဆိုပါသတင်းနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းရန် အီသီယိုးပီးယားအရာရှိများကိုအဆက်အသွယ်ပြုလုပ်၍မရဘဲ ဖြစ်နေသည်ဟု ဆိုသည်။

တိုက်ခိုက်ခံရသော စခန်းမှာ လက်နက်အပြည့်အစုံ တပ်ဆင်ထားသည့် အရန်ရဲတပ်ဖွဲ့စခန်းဖြစ်သည်။ ထိုတပ်ဖွဲ့များကို နယ်စပ်ဒေသကာကွယ်ရန်နှင့် ခါတွန်မြို့အား အကာအကွယ်ပေးရန် ချထားခြင်းဖြစ်သည်။ အခင်းဖြစ်ပွားမှုတွင် ဒဏ်ရာရရှိသွားသူ အရေအတွက်ကိုမူ မသိရသေးဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ အလာစကာပြည်နယ်တွင် ပေ ၂၀၀ ကျော်ရှည်သည့် စပီးရစ်အော့ဖ်ဂလေစီယာဘေးသင်္ဘော သောင်တင်နေသည်ကို ဇူလိုင် ၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကန်နှင့်အပေါင်းပါတပ်ဖွဲ့၏ လေကြောင်းမှတိုက်ခိုက်မှုကြောင့် အရပ်သားများသေဆုံးမှု စစ်ဆေးရန် အာဖဂန်သမ္မတအမိန့်ထုတ်

ကဘူး ဇူလိုင် ၇

အာဖဂန်နစ္စတန်တွင် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များ၏လေကြောင်းမှတိုက်ခိုက်မှုကြောင့် အရပ်သား ၁၅ ဦး သေဆုံးရခြင်းကိစ္စကို စုံစမ်းစစ်ဆေးရန် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက အမိန့်ထုတ်လိုက်သည်။ သို့သော် အမေရိကန်စစ်ဘက်ကလက်နက်ကိုင် တာလီဘန်သူပုန်တို့ကိုသာ တိုက်ခိုက်ခြင်းဖြစ်သည်ဟု ပြောကြားသည်။

အဆိုပါ အရပ်သားများ သေဆုံးရသောကိစ္စသည် အာဖဂန်ပြည်သူများအတွက် စိတ်နှလုံး ထိခိုက်ရသော အဖြစ်ဆိုးဖြစ်သည်။ ထို့အပြင် နိုင်ငံတကာစုပေါင်းတပ်ဖွဲ့သည်လေကြောင်းမှတိုက်ခိုက်သည့်အခါလုံလောက်သော ဂရုစိုက်မှုမရှိဟူသော သဘောထားအမြင်ကို ပိုမိုခိုင်မာလာစေသည်။ ၎င်းတို့၏ နိုင်ငံတွင် နိုင်ငံခြားတပ်များ ဆက်လက်ထားရှိရေးအတွက်ထောက်ခံမှုကိုလည်း လျော့ပါးစေခဲ့သည်။

ယခုနှစ်အတွင်း ပထမခြောက်လ၌အရပ်သားသေဆုံးမှု အရေအတွက်သည် ၇၀၀နီးပါးရှိသည်။ အာဖဂန်အစိုးရနှင့် နိုင်ငံစုံတပ်ဖွဲ့များကြောင့် သေဆုံးသူ၂၅၅ဦးပါဝင်ပြီးကျန်သေဆုံးသူများမှာ တာလီဘန်သူပုန်တို့ကြောင့်ဟုဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကယ်လီဖိုးနီးယားတောမီး ကေငါးသိန်းခန့် လောင်ကျွမ်း လူနေအိမ်ခြေများနှင့် နီးကပ်လာ၍ ကြိုးပမ်းထိန်းချုပ်နေ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၆

အမေရိကန်နိုင်ငံကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းလျက်ရှိရာ ကမ်းခြေဒေသရှိ နေအိမ်များအား ခြိမ်းခြောက်နေသည့်အတွက် မီးသတ်သမားများက ကြိုးပမ်း၍ငြိမ်းသတ်လျက်ရှိကြသည်။

ဇွန်လအစောပိုင်းအတွင်းက ကယ်လီဖိုးနီးယားပြတိုက်တွင် မိုးကြိုးမုန်တိုင်းကျရောက်ခဲ့ရာ မိုးခေါင်သဖြင့် ခြောက်သွေ့နေသော သစ်ပင်များနှင့် တောချုံများမှာ အလွယ်တကူ မီးကူးစက်လောင်ကျွမ်းရာမှ တောမီးများ စတင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ အဆိုပါပြည်နယ်၌ တောမီးလောင်သော နေရာပေါင်း ၁၀၀၀ ကျော်မျှရှိနေပြီး ကေငါးသိန်းနီးပါးမှာလည်း တောမီးလောင်ကျွမ်းခံခဲ့ရပြီးဖြစ်သည်။

ဂပ်အရပ်တွင် လောင်ကျွမ်းနေသော တောမီးမှာ လူနေအိမ်ခြေများနှင့် နီးကပ်သဖြင့် ပြည်နယ်အတွင်း၌ ဦးစားပေး၍ ငြိမ်းသတ်လျက်ရှိသည်။ လော့စ်အိန်ဂျလိစ်မြို့၏ အနောက်မြောက်ဘက် မိုင် ၁၀၀ အကွာတွင်ရှိသော ဂိုလာတာမြို့ငယ်မှာ တောမီး ခြိမ်းခြောက်မှု ခံနေရသည်။ ထိုမြို့ရှိ အိမ်ခြေ ၂၆၀၀ တို့မှာ တောမီးအန္တရာယ် ကျရောက်မည်ကို စိုးရိမ်နေရသည်ဟု ဆိုသည်။

မြေပြင်မှ မီးသတ်တပ်ဖွဲ့များသည် မီးလောင်ရာ လမ်းကြောင်းတွင် မီးတားလမ်းများ ကြိုးစားဖန်တီးနေကြစဉ် ဝေဟင်မှလည်း မီးသတ်လေယာဉ်များက ရေများနှင့် ဓာတုဗေဒ ဆေးရည်များကြဲချကာ တောမီးကို ငြိမ်းသတ်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းလျက်ရှိရာ ဝေဟင်မှမီးသတ်လေယာဉ်ဖြင့် ငြိမ်းသတ်နေသည်ကို ဇူလိုင် ၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပီကေကေပြောက်ကျား နှစ်ဦးအား တူရကီတပ်ဖွဲ့ဝင်များက နှိမ်နင်း

အန်ကာရာ ဇူလိုင် ၇

တူရကီတပ်ဖွဲ့ဝင်များသည် ပီကေကေပြောက်ကျားနှစ်ဦးအား နိုင်ငံ၏ အရှေ့တောင်ပိုင်းတွင် ပြုလုပ်သည့်စစ်ဆင်ရေးအတွင်း နှိမ်နင်းခဲ့ကြောင်း တူရကီစစ်ဘက်က ဇူလိုင် ၅ရက်တွင် ပြောကြားသည်။

အစိုးရတပ်ဖွဲ့ဝင်များသည် အီရတ်-တူရကီနယ်စပ်ရှိ ဟက်ကာရီပြည်နယ်တွင် ပီကေကေတို့နှင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ၎င်းတို့ထံမှ သေနတ် ၄၆လက်နှင့် ပစ္စည်းကိရိယာမျိုးစုံတို့အား သိမ်းဆည်းရမိခဲ့ကြောင်း အာဏာပိုင်များက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အစိုးရတပ်ဖွဲ့သည် အီရတ်မြောက်ပိုင်းတွင် တပ်စွဲထားသော ပီကေကေတို့အား ဖေဖော်ဝါရီလကုန်ပိုင်းမှ စတင်ကာ လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုများ စတင်ခဲ့သည်။

သို့ရာတွင် ပီကေကေတို့နှင့် တိုက်ပွဲဖြစ်ပွားမှု အကြိမ်အရေအတွက်သည် လွန်ခဲ့သည့် သီတင်းပတ်အတွင်းကစ၍လျော့ကျသွားကြောင်း တူရကီအစိုးရအဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဂျပန်နိုင်ငံတွင် ရဟတ်ယာဉ်ပျက်ကျ

တိုကျို ဇူလိုင် ၇

ရုပ်သံဝန်ထမ်းများလိုက်ပါလာသည့် ရဟတ်ယာဉ်တစ်စင်းသည် တနင်္ဂနွေနေ့ မွန်းတည့်ချိန်က ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း အိုမိုရီပြည်နယ် ရေပြင်သို့ ပျက်ကျခဲ့သည်ဟု ယူဆရကြောင်း ကျိုတိုသတင်းဌာနကထုတ်ပြန်သည်။

ရဟတ်ယာဉ်ပျက်ကျသည်ဟုယူဆရသည့်နေရာမှာ ဆီမိုကီတာပြည်နယ်မြောက်ပိုင်း ဂွန်းအိုမာဇာကီကာပီဒေသတစ်ဝိုက်တွင်ဖြစ်သည်။ထိုဒေသသည် ဂျီ-၈ ထိပ်သီး ဆွေးနွေးပွဲကျင်းပမည့်ဟော်ကိုင်းဒိုးကျွန်းမြောက်ပိုင်းမှ ကီလိုမီတာ ၁၂၀ အကွာတွင်တည်ရှိသည်။

ပင်လယ်ပြင်ပေါ်မှပျံသန်းနေသည့် ရဟတ်ယာဉ် မပျောက်ကွယ်မီ ကျယ်လောင်သောအသံကြီးကို ကြားရသည်ဆိုသည့် အကြောင်းကြားချက်ကို လက်ခံရရှိခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါရဟတ်ယာဉ်၌လေယာဉ်မှူးနှစ်ဦး၊ အဆာဟိရုပ်သံမှ သတင်းကြေညာသူတစ်ဦးနှင့် ဓာတ်ပုံသမားတစ်ဦးတို့အပါအဝင် လေးဦးလိုက်ပါလာသည်ဟု ရဟတ်ယာဉ်ကုမ္ပဏီက ပြောကြားသည်။ ၎င်းတို့သည် အိုမိုရီလေဆိပ်မှ နံနက် ၁၁ နာရီကျော်တွင် ထွက်ခွာလာပြီး မွန်းလွဲ ၂ နာရီတွင် ပြန်လည်ရောက်ရှိရန် စီစဉ်ထားသည်။ ရဟတ်ယာဉ်ပျက်ကျသည့်ဒေသတွင် ရှာဖွေရေးများ လုပ်ဆောင်လျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တွင် အမေရိကန်စစ်ဘက်အမှုထမ်းတစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် တိုက်ပွဲဖြစ်ပွားခြင်းနှင့် မသက်ဆိုင်သော အခြားအကြောင်းကြောင့် အမေရိကန်စစ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ကန်စစ်ဘက်က ဇူလိုင် ၆ ရက်တွင် ပြောကြားသည်။ စနေနေ့က မတော်တဆဖြစ်ပွားခြင်းကြောင့်ဟု ကြေညာချက်တွင် ဖော်ပြထားသော်လည်း အသေးစိတ် အချက်အလက်များကိုမူ ထည့်သွင်းဖော်ပြထားခြင်းမရှိပေ။

ဖြစ်ပွားရခြင်း၏အကြောင်းရင်းကို သိရှိရန် စုံစမ်းစစ်ဆေးမှုများ စတင် နေပြီဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။ယခုနောက်ဆုံး သေဆုံးသူကိုပါထည့်တွက်လျှင် ၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်နိုင်ငံကို ကျူးကျော်ပြီးကတည်းက ထိုနိုင်ငံ၌သေဆုံးရသောအမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၄၁၁၃ဦး ခန့် ရှိပြီဖြစ်ကြောင်း ပင်တဂွန်၏ ကိန်းဂဏန်းများကိုအခြေခံ၍ သတင်းဌာနများက ဖော်ပြကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ဇူလိုင် ၇ ရက်က စပိန်နိုင်ငံ ပမ်မလိုနာမြို့တွင် ကျင်းပသည့် ရိုးရာနွားရိုင်းလွှတ်ပွဲ မြင်ကွင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကျောက်မီးသွေးတွင်း၌ အဆိပ်ဓာတ်ငွေ့စိမ့်ထွက် အနည်းဆုံး မိုင်းလုပ်သား၂၁ ဦးသေဆုံး

ပေကျင်း ဇူလိုင် ၇

တရုတ်နိုင်ငံမြောက်ပိုင်းရှိ ကျောက်မီးသွေးတွင်းတစ်ခုတွင်ဇူလိုင် ၆ရက်က ကာဗွန်မိုနောက်ဆိုက် အဆိပ်ဓာတ်ငွေ့များ စိမ့်ထွက်လာမှုကြောင့် အနည်းဆုံး မိုင်းလုပ်သား ၂၁ဦး သေဆုံးကြောင်း သတင်းများကဖော်ပြသည်။

ထပ်မံပြောကြား

ရှန်ဇီပြည်နယ် ကျောက်မီးသွေးထုတ်လုပ်သော အဓိကဒေသဖြစ်သည့် ဒါတန်ရှိဝူဂျူကျောက်မီးသွေးမိုင်းမှအသက်မသေဘဲလွတ်မြောက်လာသူခုနစ်ဦးရှိသည်။ အခြားလေးဦးကိုလည်း ကူညီနိုင်ခဲ့သည်ဟု ဒါတန်မြို့တော်အရာရှိတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ သို့သော် သေဆုံးသူဦးရေများပြားလာနိုင်သည်ဟုလည်း ထပ်မံပြောကြားသည်။

အခင်းဖြစ်ပွားချိန်က ကျောက်မီးသွေးမိုင်း၏ လိုဏ်ခေါင်းအတွင်းတွင် အလုပ်လုပ်နေသော မိုင်းလုပ်သား အရေအတွက် မည်မျှရှိသည်ကို သေသေချာချာ မသိရသေးပေ။ ကယ်ဆယ်ရေးသမားများက ရှာဖွေမှုများစတင်နေပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မော်နီတာအပျက်ဝယ်သည်

ကွန်ပျူတာ(မော်နီတာ) အဟောင်းနှင့် အပျက်များကို အိမ်တိုင်ရာရောက် ဝယ်ယူလိုပါသည်။

ဆက်သွယ်ရန်ဖုန်း-၅၂၆၇၉၇

ရွှေမဟာ

SMH

ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

၂၀၀၈ - ၂၀၀၉ ခုနှစ် ဘုရားဖူးရာသီအတွက်

လျှောက်လွှာများ စတင်လက်ခံနေပါပြီ

စုံစမ်းရန် - အမှတ် ၄၆၊ မြေညီထပ်၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၁၈၁၃၉၆၊ ၀၁-၇၀၃၀၉၄၊ ၀၉၅၁ - ၈၈၃၇၆၊ ၀၉-၈၀-၂၀၅၀၅

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပိုလ်ရာညွှန့်လမ်း၊ ကုံကော်ကွန်ဒို၊	26'× 60'	- ပထမထပ် တိုက် A
	26'× 70'	- မြေညီထပ် တိုက် B
မြို့မကျောင်းလမ်း၊ မြို့မကွန်ဒို		- အိပ်ခန်း(၃)ခန်း၊ ရေမီးစုံ
သန်လျင်၊ ကျိုက်ခေါက်ဘုရားလမ်း	75'×60'	- RC,2 ထပ် ပြင်ဆင်ပြီး
		- Phone ပါ
သန်လျင်အောင်ချမ်းသာရှိ	110'×60'	- မြေကွက်များ

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် လုပ်ငန်းသုံး စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးစက်ပစ္စည်းများကို ယှဉ်တွဲပါအရေအတွက်များအတိုင်း ဝယ်ယူလိုပါသည်-

(က)	မြန်မာ့အသံနှင့်ရုပ်မြင်သံကြား	
	Duplo Printer	၁ လုံး
(ခ)	ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန	
(၁)	Digital Camera Nikon D80 Battery EN-EL 3e	၂ လုံး
(၂)	Digital Camera Nikon D1 Battery EN-4	၄ လုံး
(၃)	Digital Camera CF Card 512 MB	၃ လုံး
(၄)	Digital Camera SD Card 512 MB	၃ လုံး
(၅)	Back Ground Two Colour and Stand	၁ လုံး
(၆)	L.C.D (17") monitor	၁၀ လုံး
(၇)	Digital Nikon Cool PIXP5100	၃၃ လုံး
(၈)	Mini DV Camera Recorder (NTSC)	၅ လုံး
(၉)	Television Receiver (29") (Multi Colour)	၁၀ လုံး
(၁၀)	Fax Machine (Panasonic) SD 937 (Auto Answering)	၃၂ လုံး
(၁၁)	Television Receiver (21") (Multi Colour)	၁၉ လုံး
(၁၂)	Digital Video Disc Player MP(4)	၂၀ လုံး
(၁၃)	Generating Set (Honda) 2.5KV	၅ လုံး
(၁၄)	Laser Jet Colour Printer (A3)	၁ လုံး
(၁၅)	UPS (600VA)	၁၀ လုံး
(၁၆)	Plain Paper Digital Copier A3	၅ လုံး
(၁၇)	Computer Pentium IV	၁၀ လုံး
(၁၈)	Stencil Duplicator (Manual)	၅ လုံး
(၁၉)	Type Writer (Myanmar) (18"Olympia)	၁၀ လုံး

၂။ တင်ဒါပေးသွင်းမှုကို ၂၅-၇-၂၀၀၈ ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၃၆၀၂၉

SMS အမြန်ပို့နှင့် အထွေထွေဝန်ဆောင်မှုလုပ်ငန်း

ရန်ကုန်မှ နေပြည်တော်နှင့် မန္တလေးသို့ စီးပွားရေးစာ/ပစ္စည်းများ ၂၄ နာရီအတွင်း အမြန်ပို့၊ သင့်ထံပို့သော ဝင်စာ/သင်ကပို့သော ထွက်စာများ အိမ်/ရုံးအရောက်ပို့ပေး/လာယူပေးသည်။ ထို့ပြင် နေပြည်တော်ရှိ သင့်လုပ်ငန်းကိစ္စအဝဝကိုလည်း ကူညီဝန်ဆောင်မှုပေးပါသည်။ အခန်း(၁၀၂)၊ တိုက်(ဘီ)၊ ရွှေဂုံတိုင်တာဝါ၊ အမှတ်(၂၁၂)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၅၂၈၄၉၊ ၅၅၄၃၀၇၊ ၀၉ ၅၁ ၄၂၇၇၃၊ ၄၄၁၂၈၉၅ နှင့် မန္တလေးဖုန်း-၀၉ ၂၁၀၀ ၃၁၉ သို့ ဆက်သွယ်ပါ။

ရတနာဆိုင်သစ်ဖွင့်လိုသူများအတွက် မေတ္တာစေတနာ

မြန်မာ့ရတနာမျိုးစုံ (စိန်၊ ရွှေ၊ ပတ္တမြား၊ နီလာ၊ မြ၊ ပုလဲ)ကို ကမ္ဘာ့အဆင့်မီ စက်ဖြင့်ခတ်သော နောက်ဆုံးပေါ် ဒီဇိုင်း အသစ်အဆန်းများအား ယနေ့ပေါက်ဈေးမှ ၁၀%, ၂၀%, ၃၀% အလျှော့တွက်လက်ခ ၂၅%လျှော့၍ ရောင်းချပေးပါမည်။ ဝယ်ယူသူ၏ ကျွမ်းကျင်သော ပန်းထိမ်ဆရာပါ ခေါ်လာနိုင်ပါသည်။(၉-၇-၂၀၀၈မှ၁၈-၇-၂၀၀၈)အထိသာ

ဖုန်းကြိုဆက်ပါ 09-50 52510
01-240966 Ext : 722

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အလုပ်သမားများ အလိုရှိသည်

"မြန်မာ့မာန် ကုမ္ပဏီလီမိတက်"နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ ROYAL FOUR SEA SERVICES CO.,LTD. OVERSEAS EMPLOYMENT AGENCY က မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အထွေထွေလုပ်သားများ အမြန်အလိုရှိပါသည်။

၁။ လုပ်ငန်းအမျိုးအစား - Electronic Engineering စက်ရုံ SIRI HWA AGENCY SDN.BHD
- လိုအပ်သောဦးရေ - ၂၀ဦး
- အသက်အပိုင်းအခြား - အသက်(၂၀-၃၅)နှစ်
- ပညာအရည်အချင်း - အခြေခံပညာအလယ်တန်း
- အခြေခံလစာ - တစ်နေ့ (၂၇) ရင်းဂစ်

၂။ လုပ်ငန်းအမျိုးအစား - အထည်ချုပ်စက်ရုံ (TAI WAH GARMENTS INDUSTRY SDN.BHD)
- လိုအပ်သောဦးရေ - ၁၀ ဦး
- အသက်အပိုင်းအခြား - အသက်(၂၀-၃၅)နှစ်
- ပညာအရည်အချင်း - အခြေခံပညာအလယ်တန်း
- အခြေခံလစာ - တစ်နေ့ (၁၈.၅၀) ရင်းဂစ်
- အချိန်ပိုနှင့် ကျွမ်းကျင်မှုအပေါ်မူတည်၍ လစာ (၁၀၀၀) ရင်းဂစ် အထက်ရရှိမည်။

၃။ လုပ်ငန်းအမျိုးအစား - ပလတ်စတစ်စက်ရုံ (VISAPLAS SDN.BHD)
- လိုအပ်သောဦးရေ - ၁၀ဦး
- အသက်အပိုင်းအခြား - အသက်(၂၅-၃၀)နှစ်
- ပညာအရည်အချင်း - အခြေခံပညာအလယ်တန်း
- အခြေခံလစာ - တစ်နေ့ (၁၉.၀၀) ရင်းဂစ်

'အသေးစိတ်သိရှိလိုပါက'

ROYAL FOUR SEA SERVICES CO.,LTD.
အမှတ်(၃၄၈)၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၄၂၄၄၉၊ ၀၁-၅၅၇၉၁၆၊ ဖက်စ်- ၀၁-၅၅၂၁၁၆၊
H/P ၀၉-၅၁၄၅၇၅၈၊ ၀၉-၅၁၇၉၂၁၉

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ်မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

မြစ်ရေကြီးမှုအခြေအနေ ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၉

ချင်းတွင်းမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ အချိန် တိုင်းထွာချက်အရ မုံရွာမြို့တွင် ၁၀၂၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၇စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ အချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၉၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၄ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

ထွန်စက်အသင့် မျိုးအသင့် အိမ်နဲ့ပန်းသင့်

"လေဘေးသင့်ပြည်သူများအတွက် အိုးအိမ်သစ်များ တည်ဆောက်ရာတွင် လုပ်အားကိုပေးလှူနေကြသော လုပ်အားဒါနရှင် တပ်မတော်သားများ၊ လေဘေးဒဏ်ခံရချိန်တွင် ဝေဟင်၊ မြေပြင်၊ ရေပြင်တို့မှ သက်စွန့်ဆံဖျား လူးလာဆန်ခတ် သွားလာကယ်ဆယ်ခဲ့ကြသော ကြည်း/ရေ/လေ တပ်မတော်သားများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်နှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့ဝင်များ၊ဆေးပညာရှင်များ စသည်တို့သည်လည်း စေတနာရှင်အလှူရှင်များဖြစ်သည်ဟုဆိုလျှင် လွန်အံ့မထင်ပါ"

စာကြီးသား (ပနီပင်) ၏

"ထွန်စက်အသင့် မျိုးအသင့် အိမ်နဲ့ပန်းသင့်" (ဆောင်းပါး) စာမျက်နှာ - ၆-၇